မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဖေဖော်ဝါရီလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၃၆) ၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ ၉-၁၁-၂၀၂၆၊ တနလာနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

ယနေ့ဖတ်စရာ အညွှန်း

ဟာပေးအယ်လီယော့ကို ခေါ်ယူရန် လိဒ်စ်အသင်း စိတ်ဝင်စား

စာမျက်နှာ ၁၁

မန်းရွှေဝိဓူရဇာတ်တော်ကြီး ကပြပျော်ပြေမည့် အဓိအစဉ်အား အသိပေးကြေညာခြင်း

စာမျက်နှာ ၁၂

စွန့်ဦးတီထွင် ဦးသံပျော် (ဆောင်းပါး)

စာမျက်နှာ ၁၄

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာ့ရိုးရာပွဲစျေးနှင့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)တို့သို့ သွားရောက် ကြည့်ရှုအားပေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပွဲစျေးအတွင်း ခင်းကျင်းထားသည့် မြန်မာ့ရိုးရာ အစားအစာပြခန်းများအား ကြည့်ရှုအားပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန် ကွန်ဗင်းရှင်းစင်တာ(YCC)တွင် မြန်မာ့ရိုးရာများကို မျိုးဆက်သစ်လူငယ်များထံသို့ လက်ဆင့်ကမ်းပေးလိုသည့်ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်လျက်ရှိသည့် "မြန်မာ့ရိုးရာပွဲစျေး"သို့ ယနေ့နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုအားပေး ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားသို့ ရောက်ရှိကြရာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust-MCHT) မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဖျော်ဖြေပွဲခန်းမသို့ ရောက်ရှိကြပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို

စာမျက်နှာ ၃ သို့ ☆

(၁၂)ကြိမ်မြောက် ထိုင်းပညာရေးပြပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံရှိ ကျောင်းသားလူငယ်များအတွက် ထိုင်းနိုင်ငံရှိ တက္ကသိုလ်များနှင့် ပညာရေးအခွင့်အလမ်းများကို တိုက်ရိုက်လေ့လာစုံစမ်းနိုင်မည့် (၁၂)ကြိမ်မြောက် ထိုင်းပညာရေးပြပွဲ (12th Thailand Education Fair (Myanmar) ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။

အဆိုပါပညာရေးပွဲတော်ကို ထိုင်းနိုင်ငံတက္ကသိုလ်များမှ မြန်မာနိုင်ငံသားဘွဲ့ရ ကျောင်းသားဟောင်းများအသင်း (Association of Myanmar Alumni from Universities in Thailand-AMAUT)က ဦးစီးကျင်းပခြင်းဖြစ်ပြီး

စာမျက်နှာ ၄ သို့ ○



(၁၂)ကြိမ်မြောက် ထိုင်းပညာရေးပြပွဲ ကျင်းပစဉ်။

တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန်မွေးမြူရေးကဏ္ဍ ငါးမျိုးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်း ရရှိခဲ့



ရန်ကုန် နိုဝင်ဘာ ၈

နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုနေသည့် ရေထွက်ကုန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများတည်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရေထွက်ကုန်မွေးမြူရေးကဏ္ဍ ငါးမျိုးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်း ရရှိခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မွေးမြူရေးကဏ္ဍတွင် ငါးမွေးမြူရေးလုပ်ငန်းမှ ၂ ဒသမ ၀၃၂ သန်း၊ ပုစွန်မွေးမြူရေး

စာမျက်နှာ ၄ သို့ ✻

ယနေ့ မိုးလေဝသ (၉-၁၁-၂၀၂၆)

နေပြည်တော်နှင့်အနီးတစ်ဝိုက်	မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်	နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်	မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/၈လ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ တနလာ်ဂနေ့။
မန္တလေးမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး
မန္တလေးမြို့
ကြေညာချက်အမှတ်(၆/ ၂၀၂၆)
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

တတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံပြဋ္ဌာန်း ၁၇၄၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၀၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၌ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

အောင်ကျော်မိုး
ဥက္ကဋ္ဌ

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မိုင်းယောင်း နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့တွင် 'ကလေးအလုပ်သမားပပျောက်ရေးအားလုံး ပူးပေါင်းဆောင်ရွက်ပေး' ခေါင်းစဉ်ဖြင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒေါ်နန်းရဲနိုက္ကျဲက ကလေးအလုပ်သမားဆိုသည်မှာ ၎င်း၏ကလေးဘဝ ရှေ့အလားအလာနှင့် ဂုဏ်သိက္ခာကင်းမဲ့စေပြီး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုးကို လုပ်ကိုင်နေရသူများကို ဆိုလိုခြင်းဖြစ်ကြောင်း၊ ကလေးများ လုပ်ငန်းခွင်ထဲသို့ ရောက်ရှိလာရခြင်း၏ အဓိက အကြောင်းရင်းသည် ဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်ကြောင်း၊ တစ်ခါတစ်ရံ လွန်စွာဆင်းရဲနွမ်းပါးသည့် မိသားစု၏ အဓိကဝင်ငွေရှာဖွေသူသည်ပင် ကလေးဖြစ်နေပြီး မိသားစုက ၎င်းအပေါ် မှီခိုနေကြရခြင်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ကလေးအလုပ်သမား အများဆုံး အလုပ်လုပ်ကိုင်ကြသည့် ကဏ္ဍသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်ဖြစ်ရာ အခြေခံအကြောင်းအရင်းများဖြစ်သော ဆင်းရဲနွမ်းပါးမှုကို လျှော့ချခြင်း၊ ပညာသင်ယူခြင်းနှင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ အာမခံချက်ပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ခြင်းစသည်တို့ကို ကုစားနိုင်မှသာ ကလေးအလုပ်သမား ပပျောက်ရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စသည်များကို ဆွေးနွေးခဲ့သည်။

ထို့အပြင် 'လူကုန်ကူးမှု ပပျောက်ဖို့ ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်စို့' ခေါင်းစဉ်ဖြင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

(၅၀၅)

ဉာဏ်ရည်မသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပ၊ ဆုများချီးမြှင့်

မန္တလေး နိုဝင်ဘာ ၈

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြို မန္တလေးတိုင်းဒေသကြီး ဉာဏ်ရည်မသန်စွမ်းသူများ အားကစားပြိုင်ပွဲ "Special Olympics Myanmar (LOCAL GAMES 2026) "ကို ယနေ့ နံနက် ၇ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းအတွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည် တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအားကစားပြိုင်ပွဲများ ကျင်းပရာသို့ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ မန္တလေးတိုင်းဒေသကြီးလူငယ်လေ့ကျင့်ရေးနှင့်ဖွံ့ဖြိုးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်၊ လူမှုဝန်ထမ်းဦးစီးဌာနတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးဉာဏ်ရည်မသန်စွမ်းသူများ အားကစားအဖွဲ့ဆပ်ကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် မိတ်ဖက်အဖွဲ့အစည်းများ၊ (ဒေါင်းဆင်းဒေရှန်း၊ အော်တစ်ဇင်၊ စီပီ) စသည့်မသန်စွမ်းကလေးငယ်စုစုပေါင်း ၂၀၀ ကျော်နှင့်ငင်းတို့၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ မသန်စွမ်းကလေးငယ်များက အားကစားကွင်းအတွင်း စုပေါင်းလမ်းလျှောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပြီးနောက် အပြေးပြိုင်ပွဲမီတာ၅၀/၁၀၀(ကျား၊မ)၊ လမ်းလျှောက်ပြိုင်ပွဲ မီတာ ၅၀/၁၀၀(ကျား၊မ)၊ ဘိုချီအားကစားပြိုင်ပွဲနှင့် Soft Ball ဘောလုံးပစ်ပြိုင်ပွဲများကို အစီအစဉ်အတိုင်း ကျင်းပခဲ့ရာ မသန်စွမ်းကလေးငယ် ၁၇၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့်တာဝန်ရှိသူများက ဆုရကလေးများအား ဆုတံဆိပ်၊ လည်ဆွဲနှင့်ဂုဏ်ပြုပစ္စည်းများ တစ်ဦးချင်းပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၁)**



ဘာသာရေးထုံးတမ်းအစဉ်အလာနှင့်ပွဲတော်များကို အပြန်အလှန် နားလည်လေးစားအတူယှဉ်တွဲနေထိုင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာသာသနာပေါင်းစုံ၊ ယဉ်ကျေးမှုလေ့ထုံးတမ်းပေါင်းစုံတို့အတူတကွ မှီတင်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့အပြင် မတူကွဲပြားသည့် လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုအစဉ်အလာများကို အပြန်အလှန် နားလည်လေးစားပြီး ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ခြင်းသည် နိုင်ငံတော်၏လူမှုအသိုက်အဝန်း စည်းလုံးညီညွတ်ရေးနှင့် ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် အလွန်အရေးကြီးသည့် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ဟိန္နူမျိုးနွယ်စုများ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်သမ္မတက ဟိန္နူရိုးရာဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် ဒီပါဝလီပွဲတော်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြပြီး ဒီပါဝလီပွဲတော်ကို ဆင်နွှဲကြသည့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ဟိန္နူဘာသာဝင်များနှင့် ကမ္ဘာတစ်ဝန်းရှိ ဒီပါဝလီနေ့ကိုဆင်နွှဲကြသည့် မိတ်ဆွေများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ ဒီပါဝလီပွဲတော်သည် ဟိန္နူဘာသာဝင်များ အထွတ်အမြတ်ထားသည့် ဘာသာရေးပွဲတော်တစ်ခုဖြစ်သကဲ့သို့ အလင်းရောင်က အမှောင်ကိုအောင်နိုင်ခြင်း၊ ကောင်းမြတ်သည့်အရာက မကောင်းမှုကိုအနိုင်ယူခြင်းနှင့် အသိပညာက မသိနားမလည်မှုကို ဖယ်ရှားပေးခြင်းတို့ကို ကိုယ်စားပြုသည့် အဓိပ္ပာယ်ပြည့်ဝသည့် ပွဲတော်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ဒီပါဝလီဟူသည့် အမည်သည် ပါဠိဘာသာစကားဖြစ်သည့် ဒီပနှင့် အာဝလီဟူသည့် စကားလုံးနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး ဆီမီးအလင်းရောင်များ တန်းစီလျက် အဆန်းတကြယ်အသွယ်သွယ် စီခြယ်ထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ ထို့ကြောင့် ဒီပါဝလီပွဲတော်ကို အလင်းရောင်ပွဲတော် (Festival of Light) ဟုလည်း ခေါ်ဆိုကြသည်ဟု မှတ်သားမိကြောင်း၊ ဟိန္နူဘာသာဝင်များ၏ ဒီပါဝလီပွဲတော် ကျင်းပသည့်ကာလသည် မိမိတို့ဗုဒ္ဓဘာသာဝင်များ၏ သီတင်းကျွတ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပသည့် ကာလလည်းဖြစ်သကဲ့သို့ အသွင်သဏ္ဌာန်ချင်းလည်း တူညီကြောင်း၊ ဗုဒ္ဓဘာသာဝင်များသည် သီတင်းကျွတ်ပွဲတော်တွင် အသက်အရွယ်ကြီးရင့်သူများကိုကန်တော့ခြင်း၊ ဆီမီးများထွန်းညှိခြင်းဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသကဲ့သို့ ဟိန္နူဘာသာဝင်များကလည်း တစ်ဦးနှင့်တစ်ဦးချစ်ခင်ရင်းနှီးမှုဖြင့် မုန့်ချိုများကို ပျော်ရွှင်စွာ ဝေငှလှူဒါန်းကြသည့် ချစ်စရာလေ့ကို တွေ့မြင်နိုင်ကြောင်း၊ ပွဲတော်တစ်ခုချင်းစီ၏ ဘာသာရေးဆိုင်ရာအနှစ်သာရနှင့် ထုံးတမ်းအစဉ်အလာများ မတူညီကြသော်လည်း အလင်းရောင်၊ မေတ္တာတရား၊ ကောင်းမြတ်သည့်စိတ်ထားနှင့် အချင်းချင်းချစ်ခင်ရင်းနှီးစွာ နေထိုင်ရေးဟူသည့် လူမှုဘဝအတွက်အကျိုးရှိသည့် တန်ဖိုးများကို တွေ့မြင်နိုင်ကြောင်း ပြောကြားခဲ့သည်။

ဖွဲ့စည်းပုံအခြေခံပုဒ်မပြဋ္ဌာန်းချက်များနှင့်အညီ ဘာသာတရားအသီးသီး၏ ယုံကြည်ကိုးကွယ်မှု၊ ဘာသာရေးထုံးတမ်းအစဉ်အလာနှင့်ပွဲတော်များကို အပြန်အလှန်နားလည်လေးစားခြင်းသည် လူမှုအသိုက်အဝန်းအတွင်း ယုံကြည်မှုနှင့်ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရာတွင် အရေးပါသည့် အခြေခံတန်ဖိုးတစ်ခုဖြစ်သည်။

မိမိတို့ကိုးကွယ်ရာ ဘာသာတရားအသီးသီး၏ ကောင်းမြတ်သည့် သွန်သင်ဆုံးမမှုများကို လက်တွေ့ဘဝတွင် ကျင့်သုံးကြရန် လိုအပ်မည်ဖြစ်သည်။ ဒီပါဝလီပွဲတော်၏ ဆီမီးတစ်ခွက်ထွန်းညှိလိုက်ခြင်းသည် ပတ်ဝန်းကျင်တစ်ခုကို အလင်းရောင်ပေးနိုင်သကဲ့သို့ လူတစ်ဦးချင်းစီ၏ စိတ်နှလုံးထဲတွင် မေတ္တာ၊ စေတနာ၊ သနားကြင်နာမှုနှင့်အမှန်တရားကို လက်ကိုင်ထားနိုင်ခြင်းသည်လည်း မိမိတို့၏ မိသားစု၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်အတွက် အလင်းရောင်တစ်ခု ဖြစ်လာစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၉၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း-၇၅၁၁၇၀၁၁၉
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ရိုးရာအကအလှများကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဖော်ညွှန်း၍ သီဆိုကပြ ဖျော်ဖြေလျက်ရှိသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား များ၏ ရိုးရာအကအလှများ၊ တေးသရုပ်ဖော်အကများ၊ မြန်မာ့ရိုးရာ ရုပ်သေးကြိုးဆွဲအက၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့်အကအလှများ ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပွဲစဈးအတွင်း ခင်းကျင်းထားသည့် မြန်မာ့ရိုးရာ အစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးခဲ့ပြီး ပြခန်းအလိုက် တာဝန်ခံများ၏ ရှင်းလင်းမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ "မြန်မာ့ရိုးရာပွဲစျေး" ကို ရိုးရာအမွေအနှစ်တစ်ခုအဖြစ် မျိုးဆက်သစ် လူငယ်များထံသို့ လက်ဆင့်ကမ်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (YCC) တွင် ယခု ၅ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပန်းခြင်း ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပွဲစဈးအတွင်း ခင်းကျင်းထားသည့် မြန်မာ့ရိုးရာ အစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းပြခန်းများအားပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးခဲ့ပြီး ပြခန်းအလိုက် တာဝန်ခံများ၏ ရှင်းလင်းမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ "မြန်မာ့ရိုးရာပွဲစျေး" ကို ရိုးရာအမွေအနှစ်တစ်ခုအဖြစ် မျိုးဆက်သစ် လူငယ်များထံသို့ လက်ဆင့်ကမ်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (YCC) တွင် ယခု ၅ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။

ပွဲတော်ရက်အတွင်း မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ရိုးရာအဝတ်အထည်များ၊ မြန်မာ့စားဖွယ်ပြုလုပ်နည်း သရုပ်ပြပွဲများ၊ စကားပိုင်းများ၊ မြန်မာ့ရိုးရာဇာတ်သဘင်နှင့် ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများ၊ တိုင်းရင်းသားအကပဒေသာများ စသည်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပပြုလုပ်လျက်ရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်သာယာ Shopping Centre ၌ မြန်မာနိုင်ငံသစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)သို့ သွားရောက်ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံသစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြပွဲအတွင်း ခင်းကျင်းပြသထားရှိသည့် ပရိဘောဂများအား ပြက္ခဒိန်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှု အားပေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ မြန်မာနိုင်ငံသစ်အခြေခံပရိဘောဂ လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)ကို မြန်မာ့ပရိဘောဂလက်ရာများအား ထိန်းသိမ်းရန်၊ စဉ်ဆက်မပြတ် အဆင့်မြှင့်တင်နိုင်ရန်နှင့် ဈေးကွက်ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ ယခုလ ၄ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်းနှင့် ပြည်တွင်းကုမ္ပဏီ ကိုးခု၊ ပြည်ပကုမ္ပဏီတစ်ခု စုစုပေါင်း ၁၀ ခုတို့မှ ပြက္ခဒိန်ပေါင်း ၂၆ ခုဖြင့် ခင်းကျင်းပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)အတွင်း ခင်းကျင်းပြသထားရှိသည့် ပရိဘောဂများအား ကြည့်ရှုအားပေးစဉ်။

❁ စာမျက်နှာ ၂၄ မှ

မြို့နယ်ရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာသို့ ရောက်ရှိကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြတိုက်၌ တာဝန်ရှိသူတစ်ဦးက စင်တာ၏ နောက်ခံသမိုင်းကြောင်း၊ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ဘဏ္ဍာနှစ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားများ၏ တူရိယာများ၊ ရိုးရာဝတ်စားဆင်ယင်မှုများနှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ စင်တာဝင်းအတွင်းရှိ မွန်၊ ကရင်၊ ဗမာ၊ ပအိုဝ်း ရိုးရာအိမ်များနှင့် အထင်ကရနေရာများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက တိုင်းရင်းသား၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရေး၊ မျိုးဆက်သစ်လူငယ်များ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာသိရှိပြီး တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များကိုပိုမိုထင်ရှားစွာဖော်ထုတ်ပြသနိုင်ရေး၊ ပြသထားရှိသည့် ရိုးရာပစ္စည်းများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး M RUBBER ကုမ္ပဏီလီမိတက်၏ ခရမ့်ရော်ဘာအဆင့်မြှင့်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါစင်တာကို တိုင်းရင်းသားလူမျိုးတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်နောက် ကျောက်တန်းစက်မှုဇုန်အတွင်းရှိ ကိုလုထွန်းဂရုတ်သိမ်မှန့်နှင့် အမှန့်မျိုးစုံ လုပ်ငန်းသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက ထုတ်လုပ်လျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ကုန်ကြမ်းအမျိုးအစားများနှင့် သိုလှောင်ထားရှိမှု၊ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနေမှု၊ လက်ရှိထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ စက်ရုံအတွင်း ဂရုတ်သီးကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်းနှင့် ထုပ်ပိုးဖြန့်ဖြူးခြင်းလုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သန့်ရှင်းသပ်ရပ်သော ထုတ်လုပ်မှုစနစ်ကို အလေးထားဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရန်၊ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှ တစ်ဆင့် M RUBBER ကုမ္ပဏီလီမိတက်၏ ခရမ့်ရော်ဘာအဆင့်မြှင့်စက်ရုံသို့ ရောက်ရှိကြပြီး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရော်ဘာကုန်ကြမ်းများ သန့်စင်နေမှု၊ စက်ကိရိယာများဖြင့် ပြုပြင်ထုတ်လုပ်နေမှု၊ အရည်အသွေးစစ်ဆေးနေမှုနှင့် ထုပ်ပိုးသိုလှောင်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက စက်ရုံ၏ ကုန်ကြမ်းရရှိမှုနှင့် သိုလှောင်ထားရှိမှု၊ ထုတ်လုပ်မှုစွမ်းအား၊ MSR ထုတ်လုပ်သည့် လုပ်ငန်းစဉ်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ထုတ်ကုန်အရည်အသွေးနှင့် ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စက်ပစ္စည်းများ စနစ်တကျထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေး စက်ရုံမှထွက်ရှိလာသည့် စွန့်ပစ်ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ရော်ဘာကုန်ကြမ်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ရော်ဘာစိုက်ပျိုးသည့်ဒေသခံတောင်သူနှင့် လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစဉ်များ ဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ကျောက်တန်းစက်မှုဇုန်ကို စက်မှုနယ်မြေအဖြစ် ၂၀၁၆ ခုနှစ်မတ် ၂၇ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး အကျယ်အဝန်းမှာ ၂၅၄ ဒသမ ၃ ဧက ရှိ၍ ပုဂ္ဂလိက စက်မှုလုပ်ငန်း(အကြီးစား၊ အလတ်စား၊ အငယ်စား) အရေအတွက် စုစုပေါင်း ၂၅ ခု ရှိကြောင်း သိရသည်။

သတင်းစဉ်

❁ တနင်္သာရီမှ

လုပ်ငန်းမှ ၄၈ ဒသမ ၀၀၃ သန်း၊ ကဏ္ဍာန်ပျော့မွေးမြူရေးလုပ်ငန်းမှ ၁ ဒသမ ၆၈၉ သန်း၊ ချင်းခရမွေးမြူရေးလုပ်ငန်းမှ သုည ဒသမ ၄၂၄ သန်းနှင့် ရေမှော်မွေးမြူရေးလုပ်ငန်းမှ သုည ဒသမ ၀၄၅ သန်းဖြင့် စုစုပေါင်း ကုန်တန်ချိန် ၁၂၆၇ ဒသမ ၃၆၈ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

"တနင်္သာရီတိုင်းဒေသကြီးမှာ ဈေးရာခိုင်နှုန်းကျော်ဟာ ရေလုပ်ငန်းလုပ်ကိုင်တာကြောင့် ကုန်ကြမ်းတင်ပို့မှုကနေ ကုန်ချောထုတ်လုပ်နိုင်ရင် နိုင်ငံခြားငွေပိုပြီး ရရှိစေမှာပါ။ ပြီးတော့ ငါး၊ ပုစွန်အရှင်ကို လေကြောင်းနဲ့ တင်ပို့နိုင်ရင်လည်း နိုင်ငံခြားငွေတိုးမြှင့်ရရှိစေမှာပါ။ ဝမ်းသာစရာက နိုင်ငံတော်သမ္မတကြီးက မြိတ်လေဆိပ်ကို တိုးချဲ့တည်ဆောက်ပို့လမ်းညွှန်ခဲ့တဲ့အတွက် တည်ဆောက်နေတာကြောင့် ပြည်ပကို ငါး၊ ပုစွန်အရှင် တင်ပို့နိုင်ပြီဆိုရင် သိသိသာသာ နိုင်ငံခြားငွေ တိုးမြှင့်ရရှိလာမှာပါ။ ရေလုပ်သားနဲ့ လုပ်ငန်းရှင်တွေလည်း ဝင်ငွေကောင်းလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတကြီးကို အထူးပဲကျေးဇူးတင်နေကြပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့် မြိတ်ကျွန်းစုနှင့် တနင်္သာရီတိုင်းဒေသကြီး၏ ကမ်းဝေး၊ ကမ်းနီးတို့တွင် ရေထွက်ကုန်များကို ဖမ်းဆီးကြသည့်အပြင် ငါး/ပုစွန်နှင့် ဈေးကွက်ရပြည်ပပို့ကုန် ရေထွက်ပစ္စည်းများကိုလည်း နှစ်စဉ် မွေးမြူထုတ်လုပ်လျက်ရှိကာ ပြည်ပပို့ကုန် ပုစွန်ကို ယခုနှစ်တွင် တိုးမြှင့်မွေးမြူလျက်ရှိသည်။

နှစ်စဉ် ရေထွက်ကုန်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိနေသည့် မြိတ်ကျွန်းစုသည် ရေချို ရေငန် သဘာဝသယံဇာတများစွာ ပေါများသည့် ဒေသဖြစ်ပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံခြားငွေရရှိမှုကို အထောက်အကူပြုလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်၌ ဗီယက်နမ်နိုင်ငံသည် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀၀ ကျော်ရရှိခဲ့ပြီး မြစ်ချောင်းအင်းအိုင်နှင့် ငါးဖမ်းကွက်များစွာရှိသည့် မြန်မာနိုင်ငံအနေဖြင့် မွေးမြူရေးနှင့် ဖမ်းဆီးရေးကဏ္ဍာတို့တွင် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိရန် မဟာဗျူဟာမြောက်စီမံကိန်း ရေးဆွဲဆောင်ရွက်မှုနှင့်အတူ တိုက်ရိုက် တင်ပို့နိုင်မည့် ပို့ဆောင်ရေးကဏ္ဍာ တိုးမြှင့်ဆောင်ရွက်လာခြင်းသည် ရေထွက်ကုန်တင်ပို့မှု ဈေးကွက်သစ်ပွင့်လန်းမှုကို အထောက်အပံ့ဖြစ်စေလျက်ရှိ၍ နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိလာမည့် လင်းရောင်ခြည်များ သန်းလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ-သတင်းစဉ်
ဓာတ်ပုံ - ကန်း

❍ (၁၂) ကြိမ်မြောက်မှ

မြန်မာနိုင်ငံဆိုရာ ထိုင်းဘုရင့်သံရုံး (Royal Thai Embassy) က ပံ့ပိုးကူညီထားခြင်းဖြစ်သည်။

ကျောင်းသားအများစုသည် ပြည်ပတွင် ပညာသင်ကြားရန် ရွေးချယ်ကြသော်လည်း ပညာရေးစံချိန်စံညွှန်းများ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ ကိုက်ညီမှုများ၊ ကိုယ်ပိုင်ဆန္ဒများကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပြီး ထိုင်းတက္ကသိုလ်များသည် ကမ္ဘာ့အဆင့်မီ ပညာရေးအစီအစဉ်များ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုမှသည် အင်ဂျင်နီယာနှင့် အနုပညာရပ်များအထိ ကျယ်ပြန့်သော အဓိကဘာသာရပ်များနှင့် နိုင်ငံတကာ အတွေ့အကြုံကောင်းများကို ပံ့ပိုးပေးနိုင်သည့်အတွက် ရရှိလာသည့် ပညာရပ်များကို အမိနိုင်ငံသို့ ပြန်လည်သယ်ဆောင်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချကြရန် ထိုင်းနိုင်ငံတက္ကသိုလ်များမှ မြန်မာနိုင်ငံသားဘွဲ့ရကျောင်းသားဟောင်းများအသင်းဒုတိယဥက္ကဋ္ဌ ဦးကောင်းစံက ပြောသည်။

ယခုကျင်းပမည့် ပညာရေးပြပွဲတွင် ထိုင်းနိုင်ငံရှိထင်ရှားသော တက္ကသိုလ်အသီးသီး၏ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ဒီပလိုမာများအကြောင်း၊ ကျောင်းဝင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာ တက္ကသိုလ်ကိုယ်စားလှယ်များနှင့် တိုက်ရိုက်မေးမြန်းစုံစမ်းနိုင်မည်ဖြစ်သည့်အပြင် ကျောင်းသားလူငယ်များ အထူးစိတ်ဝင်စားကြသည့် ၁၀၀ ရာခိုင်နှုန်းအထိ အပြည့်အဝထောက်ပံ့ပေးသော ပညာသင်ဆုများ (Fully Funded Scholarships) နှင့် တစ်စိတ်တစ်ပိုင်း ပညာသင်ဆုများ (Partial Scholarships) အကြောင်းကိုလည်း အသေးစိတ်စုစမ်း လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။
ရေငွေ့ပြန်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များသို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။

ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး မြို့နယ်များရှိ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများလေ့လာ

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုတပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များရှိ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အုပ်ချုပ်သူ ဆရာဆရာမများသည် နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။



အဆိုပါ လေ့လာရေးခရီးကို ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာသည့် မြန်မာ့တပ်မတော်၏ သမိုင်းအစဉ်အလာများကို သိရှိနားလည်စေရန်၊ ကျောင်းသင်ခန်းစာများမှရရှိသည့် အသိပညာများကို သမိုင်းဝင်အထောက်အထား၊ မှတ်တမ်းရုပ်ရှင်ကိုလည်း ကြည့်ရှုခဲ့ကြပြီး စာအုပ်စာပေများတွင် ဖတ်ရှုလေ့လာခဲ့ရသည့် သမိုင်းအကြောင်းအရာများကို ရုပ်ပုံမှတ်တမ်းများနှင့် တွဲဖက်သိရှိနိုင်ရန်ဖြစ်ကြသည်။

"တပ်မတော် စစ်သမိုင်းပြတိုက် တာဝန်ရှိသူတွေက ပြခန်းတစ်ခုချင်းစီရဲ့ သမိုင်းကြောင်းနဲ့ ပြသထားတဲ့ပစ္စည်းတွေရဲ့ အကြောင်းအရာတွေကို အသေးစိတ်ရှင်းပြပေးတဲ့အတွက် စာပေအကြောင်းများနှင့် သမိုင်းဝင်အထောက်အထားများကို ကိုယ်တိုင်မြင်တွေ့၊ လေ့လာခွင့် ရရှိစေခဲ့သည့်အပြင် စာတွေ့သင်ယူမှုနှင့် လက်တွေ့လေ့လာမှုတို့ကို ဆက်စပ်နားလည်စေပြီး သမိုင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေကြောင်း သိရသည်။

ထို့အတူ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ ကျောင်းသားကျောင်းသူများသည် လေ့လာရေးအဖွဲ့များသည် အမျိုးသားပြတိုက် (နေပြည်တော်)သို့ သွားရောက်ကြသည်။

"အမျိုးသားပြတိုက်ကို လေ့လာကြည့်ရှုတဲ့အခါ ကျွန်တော်တို့ နိုင်ငံရဲ့သမိုင်းဝင်အမွေအနှစ်တွေနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ သမိုင်းဝင်ပစ္စည်းတွေကို စုစည်းထားတဲ့ အဆောက်အဦ၊ ပြတင်းပေါက်တွေ၊ ခေါင်မိုးတွေ အစရှိတဲ့ ဗိသုကာပုံစံတွေကိုပါ သိရှိနားလည်ခဲ့ရတယ်။ အထူးသဖြင့် အင်းဝခေတ်ပြခန်း၊ မြန်မာ့ဆိုင်းဝိုင်းပြခန်း၊ ပန်းချီပြခန်း၊ လက်ဆောင်ပစ္စည်း ပြခန်းတွေနဲ့ သမိုင်းခေတ်အဆက်ဆက် ပြခန်းတွေကို စိတ်ဝင်စားလို့ ပိုပြီးကြည့်ရှုလေ့လာဖြစ်ခဲ့ပါတယ်။ အခုလို လေ့လာခွင့်ရတဲ့အတွက် စိတ်ထဲမှာ ဝမ်းသာကြည်နူးမိသလို နောင်မှာလည်း သူငယ်ချင်းတွေနဲ့ အတူ ဗဟုသုတရရှိစေမယ့်လေ့လာရေးခရီးစဉ်မျိုးတွေ သွားရောက်လေ့လာချင်ပါတယ်"ဟု ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (မြို့လှ)မှ ကျောင်းသား မောင်ကောင်းမြတ်မင်းက ပြောသည်။

အမျိုးသား ပြတိုက်သို့ သွားရောက်လေ့လာစဉ် အမျိုးသား ပြတိုက်(နေပြည်တော်)မှ တာဝန်ရှိသူများနှင့် ပြတိုက်လမ်းညွှန် ဝန်ထမ်းများက လာရောက် လေ့လာကြသည့် ကျောင်းသား ကျောင်းသူများကို အဖွဲ့များခွဲ၍ ပြတိုက်ဆိုင်ရာ သမိုင်းကြောင်း အကျဉ်းနှင့် ပြကွက်များအလိုက် ခင်းကျင်းပြသထားမှု အခြေအနေကို လိုက်လံရှင်းလင်းပြသကြသည်။

"အမျိုးသား ပြတိုက်ကို ကျွန်တော့်အတွက် ပထမဦးဆုံး အကြိမ် လာရောက်တာဖြစ်တဲ့ အတွက် ပြတိုက်ထဲက ရှေးဟောင်း အမွေအနှစ်တွေကို လက်တွေ့ လေ့လာ ကြည့်ရှုခွင့်ရတဲ့အခါ ကိုယ့်နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့အရာတွေကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတဲ့ အသိအမြင်ကို ခံစားရရှိစေပါတယ်။ ပြတိုက်မှာပြသထားတဲ့ ပြခန်း ပြကွက်တွေက ဗဟုသုတ အများကြီးရရှိစေပါတယ်။ ဒီကနေ လေ့လာရရှိတဲ့ ဗဟုသုတတွေနဲ့ အဖိုးတန် အတွေ့အကြုံသစ်တွေကို သူငယ်ချင်းတွေသိရှိနိုင်အောင် မျှဝေ ပြောပြသွားမှာပါ"ဟု တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား မောင်ထက်ဘုန်းနိုင် က ပြောသည်။

လေ့လာရေးအဖွဲ့များသည် အမျိုးသားပြတိုက်အတွင်း ပြသထားသည့် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်း ပြခန်း၊ သမိုင်းမတင်မီခေတ် ပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်းနှင့် လက်ဆောင်ပစ္စည်းများ ပြခန်းတို့ကို စိတ်ဝင်တစား လေ့လာကြည့်ရှုမှတ်သားကြပြီး သိရှိလိုသည်များကို မေးမြန်းရာသက်ဆိုင်ရာ ပြခန်းတာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အလားတူ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိဏသိရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ သွားရောက်စဉ် ဘုရားရင်ပြင်တော် ပတ်လည်၌ စက္ကင်ကျောက်များ အသုံးပြုတည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၊ အဂ္ဂါခိပတိသာသနာ့ဒိဗာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရုပ်များ၊ အခြားသာသနိကအဆောက်အအုံများကို စိတ်ဝင်တစား လေ့လာကြည့်ရှုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

မင်းကျော်စွာ၊ ခင်ဖြူလှိုင်
ဓာတ်ပုံ- အေးသန်း၊ ခင်ဖြူ



ဒေါ်သီသီဆွေ

သို့ သွားရောက်လေ့လာကြပြီး ပြတိုက်အတွင်းရှိ ကဏ္ဍအလိုက် ပြခန်းပြကွက်များကိုစိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။

"ကျွန်မတို့ ကျောင်းက ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်နဲ့ တပ်မတော်စစ်သမိုင်း ပြတိုက်ကို လာရောက်လေ့လာတာဖြစ်ပါတယ်။ ကျောင်းသားတွေကို စာသင်ခန်းထဲမှာ အသိပညာ၊ အတတ်ပညာအတွက် သင်ကြားပေးရုံသာမက အခုလို လက်တွေ့ လေ့လာခွင့်ရတဲ့ ခရီးစဉ်တွေကလည်း ဗဟုသုတများစွာ ရရှိစေပါတယ်။ သမိုင်းဆိုတာ စာအုပ်ထဲမှာ ဖတ်ရှုရုံနဲ့တင်မလုံလောက်ဘဲ အဲဒီ ခေတ်ကာလတွေရဲ့ အထောက်အထားတွေကို မြင်တွေ့ လေ့လာခွင့်ရတဲ့အခါ ပိုမိုမှတ်မိနားလည်စေပါတယ်။ အခုလို လေ့လာရေး ခရီးစဉ်တွေကို ကျောင်းသား ကျောင်းသူတွေအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးစေလိုပါတယ်"ဟု အထက(၁) ရမည်းသင်းမှ အထက်တန်းပြဆရာမ ဒေါ်သီသီဆွေက ပြောသည်။



မစုမြတ်နိုး

ဓာတ်ပုံများနှင့် လက်တွေ့ပြသထားသည့် ပစ္စည်းများမှတစ်ဆင့် ဆက်စပ် လေ့လာနိုင်စေရန်နှင့် ကျောင်းပြင်ပ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်သည်။

"ကျွန်မက ပြတိုက်ကိုပထမဆုံး အကြိမ် လာရောက်လေ့လာခွင့် ရတာဖြစ်ပါတယ်။ ကျွန်မက ကမ္ဘာ့သမိုင်းနဲ့ မြန်မာ့သမိုင်းကို စိတ်ဝင်စားသူ ဖြစ်တဲ့အတွက် အခုလို စာအုပ်ထဲမှာဖတ်ရှုခဲ့ရတဲ့ သမိုင်း အကြောင်းအရာတွေကို ကိုယ်တိုင်မျက်မြင်တွေ့ရှိ လေ့လာခွင့်ရတာ ဝမ်းသာဂုဏ်ယူမိပါတယ်။ လက်တွေ့လေ့လာကြည့်ရှုရတဲ့အခါ အရင်ကမသိရှိခဲ့တဲ့ အကြောင်းအရာတွေကိုပါ သိရှိခွင့်ရတယ်။ သူငယ်ချင်းတွေနဲ့အတူ လေ့လာခွင့်ရတာမို့ ပျော်စရာကောင်းပြီးမမေ့နိုင်တဲ့အတွေ့အကြုံ တစ်ခုဖြစ်ပါတယ်"ဟု အလက(၁) တပ်ကုန်းမှ Grade-8 ကျောင်းသူ မစုမြတ်နိုးက ပြောသည်။

ထို့ပြင် မြန်မာ့တပ်မတော်၏ သမိုင်းကြောင်းကို မှတ်တမ်းတင်ရိုက်ကူးထားသည့် မှတ်တမ်းအရာတွေမှာ သင်ယူလေ့လာသိရှိတဲ့ အကြောင်းအရာတွေအပြင် မသိရှိရသေးတဲ့ သမိုင်းအကြောင်း အရာတွေကိုပါ လက်တွေ့ သိရှိ နားလည်ခွင့်ရခဲ့တယ်။ လေ့လာ ကြည့်ရှုတဲ့အထဲမှာ ခေတ်အဆက်ဆက် အသုံးပြုခဲ့တဲ့ လက်နက်တွေရဲ့ပုံစံနဲ့ ပြောင်းလဲ တိုးတက်လာပုံတွေကို လေ့လာ ခွင့်ရတာ သဘောကျနှစ်သက်ပါတယ်။ နိုင်ငံအတွက် တပ်မတော် သားတွေရဲ့ စွန့်လွှတ်ကြိုးပမ်းမှုတွေကို သိရှိရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း နိုင်ငံအတွက် တတ်နိုင်သမျှ ကြိုးစားသွားချင်တဲ့ စိတ်ဖြစ်ပေါ်ပါတယ်"ဟု ပျဉ်းမနား မြို့နယ် ပညာပန်းတိုင် ကိုယ်ပိုင် အထက်တန်းကျောင်းမှ Grade-11 ကျောင်းသား မောင်မျိုးပြည့်ဟိန်း က ပြောသည်။

အဆိုပါ လေ့လာရေးခရီးစဉ် သည်ကျောင်းသားကျောင်းသူများအတွက် မြန်မာ့တပ်မတော်၏ သမိုင်းကြောင်း၊ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာမှု



မောင်ကောင်းမြတ်မင်း



မောင်ထက်ဘုန်းနိုင်



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ ဧရိယာသီရိမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆို

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး၊ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးတို့အတွက် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များဖြင့် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခန့်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်း ဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် ပဲခူးတိုင်းဒေသကြီး သဲကုန်မြို့နယ် အင်းမမြို့ရှိ နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ တောင်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး၊ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခန့်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ တစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ်မှ

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာ ဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီမှစတင်၍ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိတ်ပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

အာရှဖလားမှ

လေးဂိုးဆက်တိုက် ပေးလိုက်ရသည့် မြန်မာအသင်း လက်ကျန်မိနစ်များတွင် ရုန်းကန်ခဲ့ပြီး ၅၆ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သက်နိုင်ဦးက ချေပဂိုးတစ်ဂိုး ပြန်သွင်းပေးလည်း လက်ကျန်မိနစ်များတွင် ဂိုးထပ်မသွင်းနိုင်သဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

စတားစီးတီးကွင်း၌ ကျင်းပသည့်ပွဲတွင် ဖိလစ်ပိုင်အသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(A)ဒုတိယနေ့ကို နိုဝင်ဘာ ၁၁ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်း၊ စတားစီးတီးကွင်း၌ ကမ္ဘောဒီးယားအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

ဓာတ်ပုံ-MFF

တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုပေး

မြစ်သား နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်း ဦးဆောင်၍ ရွာသူငွေးရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက နယ်လှည့်ကွင်းဆင်းကုသပေးခဲ့သည်။

အဆိုပါ မြို့နယ်တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍာတွင် တိုင်းရင်းဆေးဖြင့် ထိရောက်မှု ရှိစွာကုသနိုင်ရန် ရည်ရွယ်၍ မြို့နယ်တိုင်းရင်းဆေးမှူးက ကျောင်းသား၊ ကျောင်းသူများကို အယ်လ်ဘီညီအပူကြောင့်ဖြစ်သော ခေါင်းမူးခြင်း၊ ချွေးထွက်များခြင်း အပူလျှပ်ခြင်းအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါ၊ နာစေးချောင်းဆိုးခြင်း၊ အစာမကြေ ခြင်း၊ သဲဝဲစားခြင်းနှင့် အရေပြားရောဂါများကို ကုသပေးခြင်း၊ တိုင်းရင်းဆေးဝါးများ သောက်ဆေးပေးခြင်း၊ လိမ်းဆေးပေးခြင်း များဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၀၉ ဦးအား ကုသပေးခဲ့သည်။

မြစ်သားမြို့နယ်တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကွင်းဆင်းကုသပေးခြင်းများကို မြို့ပေါ်ရှိစာသင်ကျောင်းများနှင့် ကျေးရွာများရှိ စာသင်ကျောင်းများကို လည်း သတ်မှတ်ရက်များအလိုက် နယ်လှည့်ကွင်းဆင်းကုသပေးသွား မည်ဖြစ်ကြောင်း မြို့နယ်တိုင်းရင်းဆေးကုဌာန တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

(အောက်ပုံ)

ဝါဝါမြင့် (မြစ်သား)



နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

Love In Vietnam အိန္ဒိယနှင့် ဗီယက်နမ်ပတ်စပ် ရုပ်ရှင်ရိုက်ကူးထား

အိန္ဒိယရုပ်ရှင်လောကသည် ကိုရီးယားနှင့် ဖက်စပ်ရုပ်ရှင်များ ရိုက်ကူးနေရာမှ ဗီယက်နမ်နှင့် ဖက်စပ်ရုပ်ရှင် Love In Viet -nam ကို ရိုက်ကူးထားကြောင်း ဘောလိဝုဒ်ဂက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသားချော ဂန်ဂူးဘိုင်မင်းသား ရွန်ဘာနူးက ခေါင်းဆောင်အဖြစ် ပါဝင်ကာ ဗီယက်နမ်မင်းသမီး ချီဆရာမလေးနှင့် အချစ်ဇာတ်လမ်းကား ဖြစ်သည်။



ဟန်ချာပီကောင်လေးတစ်ဦးက ဦးလေး၏ တိုက်တွန်းမှုကြောင့် သူ့ကို တစ်ဖက်သတ် ကြိုက်နေသည့် မိန်းကလေးနှင့်အတူ ဗီယက်နမ်ကို ကျောင်းသွားတက်ခဲ့သည်။ ပညာရေးကို စိတ်မဝင်စားဘဲ အလေလိုက်နေရင်း ပန်းချီပြပွဲတစ်ခုတွင် ပုံတူပန်းချီကား တစ်ခုကို တွေ့ရှိခဲ့ရာမှ စွဲလမ်းသွားခဲ့ပြီး ရှာပုံတော်ဖွင့်ခဲ့ရာမှ ပန်းချီဆရာမလေးမှန်း သိရှိသွားချိန်တွင် လူငယ်နှစ်ဦး၏ ဆွတ်ပျံ့ဖွယ် ကြည်နူးမှုရသကို ပုံဖော်ရိုက်ကူးထား၍ ပရိသတ်အားပေးမှုတစ်ခဲနက် ရရှိထားသည်။

လှပသော ဗီယက်နမ်ရှုခင်းများနှင့်အတူ အိန္ဒိယရိုးရာဓလေ့ထုံးစံများနှင့် ထုံမွမ်းပြသထား၍ ပရိသတ်စိတ်ဝင်စားမှုမြင့်မားခဲ့သည်။

(SKY)

--*-*-*-*-*-*-*

Wang Yibo ၏ ပြိုင်ကားနံပါတ်(၈၅) ရုန်ဟိုင်းပြိုင်ပွဲဝင်



ဝမ်ရိဘို၏ နံပါတ်(၈၅)ပြိုင်ကား ရုန်ဟိုင်း ၈ နာရီ ခံနိုင်ရည်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ပြိုင်ပွဲဝင်ရန် ဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၃ ခုနှစ် ဆောင်းဦး၊ ဆောင်းရာသီအတွက် Lacoste နှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ရုန်ဟိုင်း ၈ နာရီ ခံနိုင်ရည်ပြိုင်ပွဲအတွက် စမ်းသပ်မှုတစ်ခုကို ပြုလုပ်ခဲ့ရာ ဝမ်ရိဘို၏ အဖွဲ့သည် နံပါတ်(၈၅)နှင့် China GT စီးရီးအဖြစ် လမ်းကြောင်းပေါ်တွင် ၂ နာရီနှင့် ၅ စက္ကန့် တစ်သမတ်တည်း မောင်းနှင်နိုင်ရန် လေ့ကျင့်ခဲ့ကြသည့်အပြင် လက်ရည်စစ်ပွဲအဓိကကြိုခိုင်မှုပွဲပါ ပြုလုပ်ခဲ့သည်။

တိုက်စစ်နှင့် ခံစစ်အကူး အပြောင်းများ၊ ထောင့်များတွင် ကျော့တက်ခြင်းဆိုင်ရာ လေ့ကျင့်မှုများ၊ တစ်သမတ်တည်း မောင်းနှင်မှုများကို လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲကို ပရိသတ်အာရုံစိုက်မှု ရရှိခဲ့သည်။ Shanghai & Hours Endurance Race သည် China GT ရာသီ၏ အဓိက အဝေးပြေးပြိုင်ပွဲများထဲမှ တစ်ခုဖြစ်ခဲ့ပြီး လက်ရှိ ကြိုတင်လက်မှတ်ရောင်းဝယ်မှုနှုန်း မြင့်မားခဲ့ကာ ဝမ်ရိဘိုအတွက် ပရိသတ်အားပေးမှု တစ်ခဲနက် ရရှိထားသည်။

အဆိုပါ မိတ်ဆက်လေ့ကျင့်ပွဲသည် ပြိုင်ပွဲနယ်ပယ်နှင့် ဖက်ရှင်လောကနှစ်ခုစလုံးကို တစ်ပြိုင်နက် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။

(SKY)

--*-*-*-*-*-*-*

Lee Min Ho ၏ ရုပ်ရှင်ပရိုဖိုင်းပွဲ ပြသ



မင်းသားချော လီမင်ဟို၏ ရုပ်ရှင်ပရက်ရှိုးပွဲပြသခဲ့ရာ ဘီတီအက်စ်အဖွဲ့ဝင်များ တက်ရောက်လာကြ၍ ပရိသတ်အံ့သြမဆုံးဖြစ်နေကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ပရိုဖိုင်းရှင်းပွဲသို့ ဘီတီအက်စ်အဖွဲ့ဝင် ဂျီ(ခေါ်)ကင် ထယ်ယောင်းနှင့် ကျောင်ဂုတို့ နှစ်ဦးတက်ရောက်ခဲ့ကြရာ ပရိသတ်အာရုံစိုက်မှုရရှိခဲ့သည့်အပြင် လီမင်ဟို ကိုယ်တိုင်အံ့အားတသင့် ဖြစ်ခဲ့ရသည်။

အနုပညာလောကသားချင်း ဖြစ်သော်လည်း သရုပ်ဆောင်နှင့် အဆိုတော်တို့ တွေ့ဆုံခဲ့ကြသည်ဖြစ်ပြီး ကမ္ဘာလှည့်ဖျော်ဖြေပွဲများနှင့် နားရက်ရသော အချိန်တွင် လီမင်ဟိုကို သွားရောက်အားပေးခဲ့ကြခြင်း ဖြစ်သည်။

လီမင်ဟိုသည် ရုပ်ရှင်သစ်ပရိုဖိုင်းရှင်းပြပွဲနှင့်အတူ အနုပညာလောကသို့ တစ်ဖန်ပြန်လည်၍ ရောက်ရှိလာရာ ပရိသတ်များက အားပေးမှုအပြည့်နှင့် ကြိုဆိုခဲ့ကြပြီး ကမ္ဘာကျော်ကေပေါ့ပ်အဖွဲ့ဝင်များပါ တက်ရောက်ခဲ့၍ စိတ်ဝင်စားမှု မြင့်မားစွာ ရရှိထားသည်။

(SKY)

--*-*-*-*-*-*-*

မင်းသမီး Cha Jung Won နာမည်ကြီးမင်းသားနှင့် လက်ထပ်

မင်းသမီး ချာကျောင်ဝမ်သည် နာမည်ကျော် မင်းသားကြီး Along With the Gods မှ ဟာကျောင်ဝူနှင့် လက်ထပ်ခဲ့ကြောင်း အေဂျင်စီများက အတည်ပြု ထုတ်ပြန်ထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချာကျောင်ဝမ်သည် သူ့ထက် အသက် ၁၁ နှစ်ကြီးသည့် မင်းသားကြီး ဟာကျောင်ဝူနှင့် နှစ်ရှည်လများ တွဲခဲ့ကြပြီးနောက် ဒီဇင်ဘာ ၁၃ ရက်တွင် သီးသန့် မင်္ဂလာပွဲ ကျင်းပသွားမည်ဟု နှစ်ဖက်အေဂျင်စီများက ထုတ်ပြန် ကြေညာထားသည်။

အသက် ၄၈ နှစ်အရွယ်ရှိ ပြီဖြစ်သည့် ဟာကျောင်ဝူမှာ ထိပ်တန်း မင်းသားတစ်ဦးဖြစ်ပြီး ဒရာမာ မင်းသမီး ချာကျောင်ဝမ် အသက် ၃၇ နှစ်နှင့် လက်ထပ်ခဲ့၍ ပရိသတ်များက အိမ်ထောင်ရေး ခရီးလမ်းသစ်အတွက် ဝမ်းကလည်း ကောင်းချီးသြဘာ မြောက်ဂုဏ်ယူစကားပြောကြား ပေးထားကြသည်။



Zhang Ziyi ကို Cannes ရုပ်ရှင်ပွဲတော်တွင် ဒိုင်လူကြီးအဖြစ် တာဝန်ပေးခံရ

ကမ္ဘာကျော် တရုတ်အနုပညာရှင် ကျွမ်းကျိုယီသည် အတိုက်အခိုက် ဝေဖန်မှုများစွာခံရပြီးနောက် အောင်မြင်မှုရရှိလာကာ Cannes ရုပ်ရှင်ပွဲတော်တွင် ဒိုင်လူကြီးအဖြစ် တာဝန်ပေးခံခဲ့ရကြောင်း ဝိန်ဘို ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


တရုတ်အနုပညာလောကတွင် အနောက်တိုင်းရုပ်ရှင်လောကၭ အောင်မြင်မှုရရန် ကြိုးစားသူများ ကို အနုပညာလောကမှ ပျောက်ကွယ်သွားအောင် လုပ်ခဲ့ကြရာ ကျွမ်းကျိုယီလည်း ပါဝင်ခဲ့ပြီး ဝေဖန်မှုများစွာနှင့် ပြည်ပမှ ထွက်ခွာခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ကျွမ်းကျိုယီသည် Crouching Tiger, Hidden Dragon နှင့် ကမ္ဘာသိကျော်ကြားခဲ့ပြီး အနုပညာထူးချွန်ဆုများနှင့် နိုင်ငံတကာအဆင့် အနုပညာရှင်ဖြစ်လာကာ ဟောလိဝုဒ်တွင် Rush Hour 2 အောင်မြင်မှုနှင့် ထပ်မံတိုက်ခိုက်ခံခဲ့ရသည်။

၂၀၀၆ ခုနှစ်တွင် နိုင်ငံတကာ ပွဲတော်တစ်ခုၭ် ကိုယ်ရေးကိုယ်တာ ဓာတ်ပုံကြောင့် တိုင်းပြည်အရှက်ရစေသည်ဆို၍ စာရှုပ်များ ဖျက်သိမ်းခံခဲ့ရပြီး နှစ်နှစ်ကြာ တိတ်ဆိတ်နေရာမှ Hero , House of Flying Daggers နှင့် Memoirs of a Geisha ဇာတ်ကားများဖြင့် ပြန်လည်တည်ဆောက်ခဲ့ရာမှ လေးစားခံရသော အနုပညာရှင်အဖြစ် ပြန်လည် ဝင်ရောက်လာပြီး Cannes ရုပ်ရှင်ပွဲတော်တွင် ဒိုင်လူကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

(SKY)

--*-*-*-*-*-*-*





နေ့စဉ် ဘလူးဘယ်ရီစားသုံးခြင်း၏ အကျိုးအာနိသင် သိသာထင်ရှားသည့် ထူးခြားချက်ပေးနိုင်ခြင်းမရှိဟု ဆို

ဘလူးဘယ်ရီသီးတွင် ပါဝင်သော အမျှင်ဓာတ်များနှင့် အမောင်ရောင်ခြယ်ပစ္စည်းများသည် အူလမ်းကြောင်းအတွင်းရှိ ထူထပ်လှသော အဏုဇီဝအပိုက်အဝန်းနှင့် ထိတွေ့ဆက်စပ်လျက် ရှိသည်။

ထိုပါဝင်ပစ္စည်းများသည် အဏုဇီဝများနှင့် ၄င်းတို့ထုတ်လုပ်သည့် ဒြပ်ပေါင်းများကို ပြောင်းလဲပေးနိုင်သဖြင့် ယင်းအသီးကို စားသုံးခြင်းက စိတ်ခံစားချက်အပေါ် သက်ရောက်မှုရှိနိုင်ကြောင်း မှန်းဆချက်များ ထွက်ပေါ်လာခဲ့သည်။

သို့ရာတွင် အဆိုပါအဏုဇီဝအဆင့် အပြောင်းအလဲများသည် စိတ်ကျဝေဒနာ လက္ခဏာများကို အမှန်တကယ် လျှော့ချပေးနိုင်ခြင်း ရှိ၊ မရှိ အတည်ပြုနိုင်ရန်အတွက်မူ အူလမ်းကြောင်း အပြင်ဘက်အထိ သက်သေအထောက်အထားများ ပိုမိုလိုအပ်မည်ဖြစ်ကြောင်း သိရသည်။

(SCI)

--*-*-*-*-*-*-*

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

တရုတ်ဒုတိယသမ္မတ ဟန်ကျန့် တဘီလီစီမြို့သို့ ရောက်ရှိ ဂျော်ဂျီယာသမ္မတ မီခေးလ်ကာဗီလက်ရှ်ဗီလီနှင့် တွေ့ဆုံခဲ့



ပေကျင်း နိုဝင်ဘာ ၈

တရုတ်ဒုတိယသမ္မတ ဟန်ကျန့်သည် ယမန်နေ့က တဘီလီစီမြို့၌ ဂျော်ဂျီယာသမ္မတ မီခေးလ်ကာဗီလက်ရှ်ဗီလီနှင့် တွေ့ဆုံခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၄င်းသည် တရုတ်သမ္မတ ရှီကျင့်ပျင်၏ နွေးထွေးသော နှုတ်ခွန်းဆက်သမှုနှင့် ဆုမွန်ကောင်းများကို သမ္မတ ကာဗီလက်ရှ်ဗီလီထံ လက်ဆင့်ကမ်းပြောကြားခဲ့သည်။

ဂျော်ဂျီယာသည် ထရန်စကော်ကေးဆပ်ဒေသ၌ တရုတ်နိုင်ငံ၏ ပထမဆုံး မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဖြစ်သည့် အပြင် ယူရေးရှားဒေသ၌ တရုတ်နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် စတင်ထူထောင်ခဲ့သည့် ပထမဆုံး နိုင်ငံလည်း ဖြစ်သည်။

သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် (၃၄)နှစ်တာကာလအတွင်း နှစ်ဖက်စလုံးသည် အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ယုံကြည်မှုနှင့်နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ကိုင်စွဲထားခဲ့ကြသည်ဟု ဟန်ကျန့်က ပြောကြားခဲ့ကြောင်း သိရသည်။

Mon

ရောမ ပန်ဒါဝက်ဝံများဖြစ်ကြသည့် ပင်းပင်းနှင့် ဖူးရှောင်းအတ္တလန်တာ တိရစ္ဆာန်ဥယျာဉ်လာသူများကို ပျော်ရွှင်စေခဲ့

ဝါရှင်တန် နိုဝင်ဘာ ၈

ရောမပန်ဒါဝက်ဝံများဖြစ်ကြသည့် ပင်းပင်းနှင့် ဖူးရှောင်းတို့သည် တရုတ်နိုင်ငံမှ ငှားရမ်းမှုဖြင့် ရောက်ရှိလာပြီးနောက် အမေရိကန်ပြည်ထောင်စု အတ္တလန်တာ တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်ကြည့်ရှုသူများကို ပျော်ရွှင်စေခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အထီးဖြစ်သူ ပင်းပင်းနှင့်အမဖြစ်သူ ဖူးရှောင်းတို့သည် စက်တင်ဘာလအတွင်းက ''ပန်ဒါအမြန်ယာဉ်''ဟု အမည်ပေးထားသည့် ဖက်ဒရယ်အမြန်ချောပို့လေယာဉ်ဖြင့် ချင်းဒူးမြို့မှ ရောက်ရှိလာခဲ့ကြခြင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတောင်ပိုင်းရှိ ထိုတိရစ္ဆာန်ဥယျာဉ်တွင် နောက်ထပ် ၁၀ နှစ်ကြာ လက်ခံထားရှိမည်ဖြစ်သည်။

ပန်ဒါဝက်ဝံများသည် ''စူးစမ်းလိုစိတ်ကို နှိုးဆွပေးခြင်း၊ စိတ်ထက်သန်မှုကို စိမ့်ဝင်စေခြင်း၊ ဝမ်းမြောက်မှုကို ဖြစ်ပေါ်စေခြင်းနှင့် ကမ္ဘာတစ်လွှားရှိ လူများကို စည်းလုံးစေခြင်းတို့ ပြုလုပ်နိုင်သည့် ထူးခြားသော စွမ်းရည်ရှိသည့် သတ္တဝါများဖြစ်ကြသည်''ဟု အတ္တလန်တာ တိရစ္ဆာန်ဥယျာဉ် အမှုဆောင်အရာရှိချုပ် ရေးမွန်ကင်းက သုံးသပ်ပြောကြားကြောင်း သိရသည်။



Mon

ပုံမှန်မဟုတ်ဘဲ လှည့်ပတ်နေသည့် ကြယ်ဖြူပုတစ်လုံးကို အာကာသသုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိ

ဝါရှင်တန် နိုဝင်ဘာ ၈

အာကာသသုတေသီများသည် ပတ်ဝန်းကျင် ဂြိုဟ်အစုအဝေးများ ပုံမှန်မဟုတ်သော ပုံသဏ္ဌာန်ဖြင့် လှည့်ပတ်နေသည့် ကြယ်ဖြူပုတစ်လုံးကို မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြကြောင်း သိရသည်။

နေသည် နောင်နှစ်ပေါင်း ဘီလီယံပေါင်းများစွာ ကြာမြင့်သည့်အခါ လောင်စာကုန်ဆုံးသွားပြီး ရေဒီယိုဓာတ်ရောင်ခြည် ထုတ်လွှတ်သည့် ကြယ်နီကြီးအဖြစ် အကြီးအကျယ် ကျယ်ပြန့်လာမည်ဖြစ်ပြီး နောက်ဆုံးတွင် ၄င်း၏ အပြင်ဘက်အလွှာများကို စွန့်ထုတ်၍ သိပ်သည်းသော ဗဟိုချက်ဖြစ်သည့် ကြယ်ဖြူပုတစ်လုံးအဖြစ်အသွင်ပြောင်းသွားမည်ဟု မျှော်လင့်ရသည်။

ထိုသို့ပြောင်းလဲသွားသောအခါ ကျွန်ုပ်တို့၏ နေအဖွဲ့အစည်းဖြစ်ပေါ်လာနိုင်သည့် ရလဒ်ကို သုတေသီများတွေ့ရှိခဲ့သော ကြယ်ဖြူပုဖြစ်တည်နေသောစနစ်ကို ဆက်လက်စောင့်ကြည့်လေ့လာခြင်းအားဖြင့် နှိုင်းယှဉ်ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

0-0-0

STOP AIDS

ပိုလန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ကရာကော့မြို့၌ သေနတ်ပစ်ခတ် ဖြစ်ပွား။ ခြောက်ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့

ဝါဆော နိုဝင်ဘာ ၈

ပိုလန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ကရာကော့၏ သမိုင်းဝင် ဗဟိုဧရိယာအတွင်း နိုဝင်ဘာ ၇ ရက်က သေနတ်သမားတစ်ဦးပစ်ခတ်မှုကြောင့် ခြောက်ဦး သေဆုံးပြီး အနည်းဆုံး ၁၅ ဦး ဒဏ်ရာရရှိခဲ့ရာ ယင်းဖြစ်ရပ်သည် ဆယ်စုနှစ်များစွာအတွင်း နိုင်ငံအတွင်း အဆိုးရွားဆုံး ပစ်ခတ်မှုဖြစ်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သံသယရှိသူ၏ နေအိမ်တွင် အမျိုးသမီးနှစ်ဦးနှင့် အမျိုးသား တစ်ဦးတို့၏ ရုပ်အလောင်း သုံးလောင်းကို နောက်ပိုင်းတွင် တွေ့ရှိခဲ့ရပြီး ၄င်းတို့သည် ''သံသယရှိသူ၏ တိုက်ရိုက်မိသားစုဝင်များဖြစ်ကြောင်း ပိုလန်ဝန်ကြီးချုပ် ဒေါ်နယ်တပ်စ်ခ်က အတည်ပြုသည်။

သေနတ်သမားသည် ''လက်ယာစွန်းသဘောတရားများကို သဘောကျစွဲလမ်းသူ'' ဖြစ်ပုံရသည်ဟု ပိုလန်ပြည်ထဲရေးဝန်ကြီးမာစင်ကာဝင်စကီက ပြောကြားခဲ့ကြောင်း သိရသည်။

Mon



ဗီယက်နမ်သမ္မတ တိုလန်းနှင့်ဇနီးဖြစ်သူ ဦဖူယောင်လီ ဂျပန်သို့ တရားဝင်အလည်အပတ်ခရီးစဉ် သွားရောက်



ဟနွိုင်း နိုဝင်ဘာ ၈

ဗီယက်နမ်ဗဟိုကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတတိုလန်းသည် ဇနီးဖြစ်သူ ဦဖူယောင်လီနှင့်အတူ ဂျပန်နိုင်ငံ၏ ဖိတ်ကြားချက်အရ လေးရက်ကြာ တရားဝင်ခရီးစဉ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်ရန် ယမန်နေ့က ဟနွိုင်းမြို့မှ ထွက်ခွာသွားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတတိုလန်းအနေဖြင့် စီးပွားရေးအဖွဲ့အစည်းများနှင့် အဓိကကော်ပိုရေးရှင်းကြီးများ၏ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံမည်ဖြစ်ကာ ဗီယက်နမ်-ဂျပန် စီးပွားရေးနှင့် သိပ္ပံ-နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစိုးရ-ပုဂ္ဂလိက ဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး နည်းပညာမြင့် စီးပွားရေး လုပ်ငန်းတစ်ခုသို့လည်း သွားရောက်မည်ဖြစ်သည်။

ကိုယ်စားလှယ်အဖွဲ့တွင် ပါတီဗဟိုကော်မတီစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ငုယင်ဒုယင်ဇေါ်နှင့် ပြည်ထဲရေးကော်မတီဥက္ကဋ္ဌ လီမင်းထရီးတို့အပါအဝင် နိုင်ငံရေးဗျူရိုအဖွဲ့ဝင်များနှင့် ပါတီဗဟိုကော်မတီအတွင်းရေးမှူးများ ပါဝင်ကြောင်း သိရသည်။

Mon

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ပဋိပက္ခအဆုံးသတ်ရေး ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေဟု ကာတာ ပြောကြား

ဒိုဟာ နိုဝင်ဘာ ၈

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ပဋိပက္ခအဆုံးသတ်ရေးကြားဝင်စေ့စပ်ပေးနေသည့် ကာတာနိုင်ငံက နှစ်နိုင်ငံအကြား ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ယနေ့ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နိုင်ငံအပေါ် ထပ်မံတိုက်ခိုက်မှုများ ပြုလုပ်သင့်၊ မပြုလုပ်သင့်ကို မကြာမီ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၇ ရက်က ပြောကြားခဲ့ပြီးနောက် ကာတာနိုင်ငံက အထက်ပါအတိုင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကာတာနိုင်ငံ၏ ထုတ်ပြန်ချက်တွင် ကြားဝင်စေ့စပ်သူများသည် သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် နှစ်ဖက်စလုံးနှင့် နီးကပ်စွာ ဆက်သွယ်ညှိနှိုင်းလျက်ရှိကြောင်း ဖော်ပြထားသည်။

အမေရိကန်သတင်းဝက်ဘ်ဆိုက် Axios ၏ ဖော်ပြချက်အရ ကြားဝင်စေ့စပ်သူများသည် နှစ်ဖက်အကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ရန် နှစ်ရက်တာအတွင်း အဆင့်လိုက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဝါရှင်တန်နှင့် တီဟီရန်တို့ကို ဆက်လက်ညှိနှိုင်းပေးလျက်ရှိသည်။

အဆိုပြုထားသည့် အစီအစဉ်များတွင် အမေရိကန်က အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် ရေတပ်ပိတ်ဆို့မှုကို ရုပ်သိမ်းပေးခြင်းနှင့် အီရန်၏ ရန်ပုံငွေအချို့ကို ပြန်လည်အသုံးပြုခွင့်ပေးခြင်းတို့ပါဝင်ပြီး အပြန်အလှန်အားဖြင့် အီရန်က နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) မှ စစ်ဆေးရေးမှူးများကို နိုင်ငံအတွင်း ဝင်ရောက်စစ်ဆေးခွင့်ပြုရန် အဆိုပြုထားကြောင်း သိရသည်။

ထို့ပြင် ကာတာ တာဝန်ရှိသူတစ်ဦးက ဒေသတွင်းတင်းမာမှုများ လျော့ချနိုင်ရေး နည်းလမ်းများနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ် အာရာဂ်ချီက ပြီးခဲ့သည့် ၄၈ နာရီအတွင်း နိုင်ငံ ၁၂ နိုင်ငံမှ ၎င်း၏ မိတ်ဖက်နိုင်ငံခြားရေးဝန်ကြီးများနှင့် ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။ ယင်းနိုင်ငံများတွင် ကာတာနှင့် အခြားကြားဝင်စေ့စပ်ပေးနေသည့် ပါကစ္စတန်နိုင်ငံတို့လည်း ပါဝင်သည်။

အဆိုပါဆွေးနွေးမှုများအတွင်း အမေရိကန်နှင့် အစ္စရေးတို့၏ စစ်ရေးဆောင်ရွက်မှုများအပေါ် အီရန်နိုင်ငံ၏ ရပ်တည်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

မဟာအောင်မြေမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



မန္တလေး နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ရဲမြန်တောင်ရပ်ကွက် ဓမ္မပါလ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မဟာအောင်မြေမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်ထက်အောင်က အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်လာမှု အခြေအနေများ၊ အပူဒဏ်အန္တရာယ် ကာကွယ်ရန် အတွက် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့်နည်းလမ်းများ၊ အပူဒဏ်ကြောင့် ရောဂါဝေဒနာခံစားရသည့်လက္ခဏာများ၊ ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ၊ အပူဒဏ်အန္တရာယ်ကို အထူးသတိပြုရမည့်သူများ စသည့်အကြောင်း အရာများရှင်းပြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကြောင်းအရာများနှင့် ကျန်းမာရေးဗဟုသုတများကိုလည်း အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ပြီး 'ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ်' အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ပြီး လိုအပ်သည်များကို ရဲမြန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ) (၀၅၆)



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြဇာတ်တိုက် လေ့ကျင့်မှုများဆောင်ရွက်

ဖြင်ဦးလွင် နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကျောင်းရွာအုပ်စု၊ တောင်ပျိုကျောင်းရွာတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာတွင် ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးလောင်ကျွမ်းမှုဖြစ်ပေါ်သည့်အခါ စနစ်တကျ မီးငြိမ်းသတ်နည်းစနစ်များ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ပြည်သူများသိရှိစေရန်အတွက် အသေးစိတ် အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးကိရိယာအမျိုးမျိုးနှင့် မီးသတ်ဆေးဘူးများကို လက်တွေ့အသုံးပြု၍ စနစ်တကျ မီးငြိမ်းသတ်ခြင်း၊ 3D မီးသတ်ပိုက်ခေါင်း အသုံးပြု၍ လက်တွေ့ပြသခြင်းနှင့် အမြဲပဲမီးသတ်ဆေးရည်ဖြင့် မီးငြိမ်းသတ်ခြင်းများအား သရုပ်ပြဇာတိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ) (၀၅၇)

စက်သုံးဆီဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

မြင်းမူ နိုဝင်ဘာ ၈

မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနမှ စက်သုံးဆီဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက် များရှိ စက်သုံးဆီဆိုင်များတွင် လိုက်လံစစ်ဆေးခဲ့သည်။

မြင်းမူမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် မြင်းမူမြို့၊ စစ်ကိုင်း-မန္တလေးကားလမ်းမကြီးဘေးရှိ ပါဝါမင်းနှင့် ရဲဦး စက်သုံးဆီအရောင်းဆိုင်များအား စက်သုံးဆီ သိုလှောင်မှု စနစ်တကျရှိစေရေး၊ အပူလွန်ကဲမှုကြောင့် မီးလောင်မှုမဖြစ်ပွားစေရေး၊ မီးသတ်ရေကန်များနှင့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ မီးသတ်ဆေးဘူးများအသင့် ကြိုတင်ပြင်ဆင်ထားရေး၊ ဆက်သွယ်ရေးစနစ်များကောင်းမွန်စေရေး၊ ဝင်လမ်း ထွက်လမ်းများကောင်းမွန်စေရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆီဆိုင်တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(အပေါ်ဝံပုံ) နေလင်းအောင်(ဖြန့်/ဆက်)

မင်းရဲဆည်အတွင်း ရေဆင်းကူးရာမှ အမျိုးသမီးတစ်ဦး ရေနစ်သေဆုံး

ကျောက်ဆည် နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၌ ယမန်နေ့ ညနေ ၅ နာရီ ၁၀ မိနစ်က မင်းရဲဆည်အတွင်း ရေဆင်းကူးရာမှ အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ကျောက်ဆည်မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက် မ------သည် ဆည်ထိပ်ထန်းတောရပ်ကွက် မင်းရဲဆည်အတွင်းသို့ ညနေ ၅ နာရီကျော်က ရေဆင်းကူးရာ ရေနစ်မြုပ်သွားကြောင်း သိရသဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်သည့် သန္ဓေတပ်ဖွဲ့ဝင် ၁၁ ဦး၊ အရန်တပ်ဖွဲ့ဝင် ငါးဦးနှင့် MYANMAR RESCUE (KYAUKSE)မှ ကယ်ဆယ်ရေးအဖွဲ့ဝင် ငါးဦးတို့ ပူးပေါင်း၍ ရေနစ်ပျောက်ဆုံးနေသူအား ရှာဖွေကယ်ဆယ်ခဲ့ရာ ညနေ ၆ နာရီ ၃၉ မိနစ်၌ ရှာဖွေတွေ့ရှိခဲ့ပြီး MYANMAR RESCUE (KYAUKSE) အသင်းမှ မော်တော်ယာဉ်ဖြင့် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

(၄၈၅)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

စစ်ကိုင်းမြို့တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ သိန်းကျော် ဖမ်းဆီးရမိ





နေပြည်တော် နိုဝင်ဘာ ၈

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီက သတင်းအရ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်အနီးတွင် မျိုးနိုင်ဝင်း(ခ)ကိုမျိုးဆိုသူ မောင်းနှင်ပြီး မခင်မိမိစိုးနှင့် မထက်ထက်ဆိုသူတို့ နှစ်ဦး လိုက်ပါလာသော PAJERO အမျိုးအစား မော်တော်ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၁၁ ဒသမ ၃ သိန်းအား ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ယင်းနေ့တွင် စိတ်ကြွဆေးပြားများ ပို့ဆောင်ပေးသူများဖြစ်သည့် စိုင်းမျိုးနိုင်(ခ)ကိုမိုးဆိုသူအား ကျောက်မဲမြို့၊ ရပ်ကွက်(၉)ရှိ နေအိမ်၌လည်းကောင်း၊ နိုဝင်ဘာ ၃ ရက်တွင် ကော့ကရိတ်မြို့၊ တံတားကျိုးကျေးရွာအနီး၌ ရဲကို ကိုဝင်းဆိုသူအား စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင် အသုံးပြုသည့် AD VAN မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိသဖြင့် စိတ်ကြွဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် အဓိကစီမံခန့်ခွဲသူမှာ ဝမ်းဟိုင်းရွာနေ ကိုလတ်(ခ)အားတီဆိုသူ (ဖမ်းဆီး ရန်ကျန်)ဖြစ်ပြီး ၎င်းဏ်စီမံမှုဖြင့် ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းမှ မန္တလေးသို့ စိုင်းမျိုးနိုင်(ခ)ကိုမိုးနှင့် ရဲကိုကိုဝင်းဆိုသူတို့မှ သယ်ဆောင်ပြီး မန္တလေးမှကလေးသို့ မျိုးနိုင်ဝင်း(ခ)ကိုမျိုးဆိုသူတို့မှ ဆက်လက်သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း နှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုရှိသည့် ဒွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ဒွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၀၆)


(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၀ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၀ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့အထိတရားမဝင် အဆောက်အအုံ ၁၀ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ငါးထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံလေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ခြောက်လုံး စုစုပေါင်းအဆောက်အအုံ ၁၀ လုံး တို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဆောင်းမြေပဲစိုက်ခင်းအတွင်း ကျောက်မှန့်မြေဩ ထည့်သွင်းအသုံးပြုခြင်း ကွင်းသရုပ်ပြ

ကျွန်းလှ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းရာသီ စိုက်ပျိုးသော မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် ကျောက်မှုန့်မြေဩ ထည့်သွင်းအသုံးပြုခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၇ နာရီက ကြည့်ကုန်းကျေးရွာ၊ ကွင်းအမှတ်- ၅ တောင်သူ ဦးမင်းလွင်အေး၏ မကွေး (၁၆) မြေပဲမျိုးသုံးဧကခွဲ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ခေါ်မြင့်မြင့်ရီက မြေပဲစိုက်ခင်းအတွင်း ကျောက်မှုန့်မြေဩ ထည့်သွင်းခြင်းဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ခြင်း၊ အထွက်နှုန်းကောင်းခြင်း၊ မြေပဲအတောင့် ကြီးထွားပြီး အစေ့အဆန်ပြည့်တင်းခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ကျွန်းလှမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တ ဥက္ကဋ္ဌ ရဲမူဝိုးဇော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ တက်ရောက်ကြပြီး အကျိုးဆောင်တောင်သူများအား ကျောက်မှုန့်မြေဩများ ပေးအပ်ခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၆ - ၂၀၂၇ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၃၆၆၅ စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်အထိ ဧက ၂၆၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ယာပုံ)(၄၀၀)**



ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများရှိ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်း

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့အင်္ဂါရပ်နှင့်အညီ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရေးအတွက် မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ယမန်နေ့က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများရှိ အမှိုက်သရိုက်များကို ဆယ်ယူရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်၏ ကြိုးကြပ်မှုဖြင့် ဝန်ထမ်းများ စုပေါင်းအဖွဲ့က အမှိုက်သိမ်းယာဉ်တစ်စီးဖြင့် မြို့တွင်း ဗိုလ်ချုပ်လမ်းမကြီး လမ်းဘေး(၃၊ ယာ)ရှိ ရေနုတ်မြောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် ပိတ်ဆို့နေသော အမှိုက်သရိုက်များကို ဆယ်ယူရှင်းလင်းခြင်း၊ ရေဝပ်သည့်နေရာများတွင် ရေထွက်ပေါက်များ ဆောင်ရွက်ခြင်းနှင့် စကားဝါလမ်းဘေးတစ်လျှောက်ရှိ ပေါင်းမြက်များ ရှင်းလင်းသိမ်းဆည်းခြင်းစသည့် မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြသန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများ မရှိစေရေးအတွက် သန့်ရှင်းရေးဝန်ထမ်းများက နေ့စဉ် အမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်များကို လိုက်လံသိမ်းဆည်းခြင်း၊ မြို့ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် ဈေးရောင်း၊ ဈေးဝယ်များကို ပလတ်စတစ်ပစ္စည်း လျော့ချသုံးစွဲစေရေး အသိပညာပေးခြင်း၊ စွန့်ပစ်ပလတ်စတစ် အမှိုက်များကို လိုက်လံကောက်ယူရှင်းလင်းခြင်းစသည့် မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်ထံမှ သိရသည်။ **(အောက်ပုံ)(၄၄၅)**



အီတလီမီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁)အနိုင်၊ အရှုံး			NGB
နာပိုလီ	၁	၁	လာဇီယို
ဂျီနိုအ	၁	၂	အေစီမီလန်
မွန်ဇာ	၀	၁	အတ္တလန္တာ

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂) အနိုင်၊ အရှုံး			NGB
အယ်လ်ချီ	၀	၂	ဘက်တစ်
ဆိုစီဒက်	၁	၀	ဗယ်လက်ကာနို

ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉)အနိုင်၊ အရှုံး			NGB
ကိုလုံး	၁	၂	လေဗာကူဆင်
ဗရိုင်းဘက်	၂	၀	ယူနိုယံဘာလင်

အင်္ဂလိပ်ပရီမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀) အနိုင်၊ အရှုံး			NGB
ဘိုင်ရင်တန်	၂	၀	ဘရန့်ဖို့ဒ်
ပဲလေ့စ်	၁	၃	လီဗာပူး
အစ်စဆွစ်ချ်	၁	၂	ဘုန်းမောက်
ဆန်းဒါးလန်း	၁	၀	ချဲလ်ဆီး
မန်ယူ	၄	၄	အက်စတွန်ဗီလာ

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀) အနိုင်၊ အရှုံး			NGB
ရင်းနက်စ်	၁	၂	လိုင်လီ
အန်းဂါးစ်	၀	၂	နိစ်
ဘရက်စ်	၂	၀	လိုင်ပယ်န်

နိုင်ငံတကာ အားကစား သတင်းများ



ဟာဗေးအယ်လီယော့ကို ခေါ်ယူရန် လိဒ်စ်အသင်း စိတ်ဝင်စား

လန်ဒန် နိုဝင်ဘာ ၈

လိဒ်စ်အသင်းသည် လီဗာပူးအသင်းမှ ဗလင်စီယာအသင်းသို့ အငှားသွားရောက်ကစားနေသည့် ကွင်းလယ်ကစားသမား ဟာဗေးအယ်လီယော့ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဗလင်စီယာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၎င်း ပွဲကစားထားသည်။

ကွင်းလယ်ကစားသမား ဟာဗေးအယ်လီယော့ ကိုယ်တိုင်ကလည်း အငှားသွားရောက်ကစားရခြင်းကို စိတ်ပျက်လျက်ရှိပြီး ပွဲထွက်ခွင့်ပုံမှန်ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် လိုလားနေသည်။

ထို့ကြောင့် လိဒ်စ်အသင်းအနေဖြင့် ဆောင်းရာသီစျေးကွက်အတွင်းတွင် ဗလင်စီယာအသင်းမှ ဟာဗေးအယ်လီယော့ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

ကာလို့စ်ဘာလီဘာ ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တ အတန်ကြာ အနားယူရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၈

မန်ယူအသင်း ကွင်းလယ်ကစားသမား ကာလို့စ်ဘာလီဘာသည် ပေါင်နောက်ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တ အတန်ကြာ အနားယူရဖွယ်ရှိသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းက ရိုးမားအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကာလို့စ်ဘာလီဘာသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းအတွက် ကြိုးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကာလို့စ်ဘာလီဘာသည် မန်ယူအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ လေးပွဲကစားထားသည်။



(ယာပုံ) (NGB)

ရီးရဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ



မက်ဒရစ် နိုဝင်ဘာ ၈

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဗလင်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂၈မိနစ်တွင် ဗယ်လ်ဗာဒီ၊ ပွဲချိန် ၃၆မိနစ်တွင် ဂူလာ၊ ပွဲချိန် ၇၅မိနစ်တွင် ဘာပေတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၂ရက်တွင် ဆဲလ်တာဗီဂိုအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Carlos Alcaraz တက်ရောက်

ပါရီ နိုဝင်ဘာ ၈

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz အား ၆-၇၊ ၇-၅၊ ၆-၃ ဖြင့် အနိုင်ရရကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် နော်ဝေတင်းနစ်ကစားသမား Casper Ruud တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**





အက်စတီဟောင်း ချဲလ်ဆီးအသင်းတွင် ဆက်ရှိသွားမည်

လန်ဒန် နိုဝင်ဘာ ၈

တောင်ပံကစားသမား အက်စတီဟောင်း အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ချဲလ်ဆီးအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက ချဲလ်ဆီးအသင်းတွင် ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား အက်စတီဟောင်းသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၅ပွဲကစားပြီး ရှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ချဲလ်ဆီးအသင်း၏ထုတ်ပြန်ချက်တွင် "အက်စတီဟောင်းအသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ) (NGB)**

ဘောလုံးသတင်းအတိုအထွာများ

* နယူးကာဆယ်အသင်းသည် မစ်ဒယ်ဘရောအသင်း တိုက်စစ်မှူး ဝီလ်လန်ဂိုးယားကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ပီအက်စ်ဂျီအသင်းနှင့် ထရိုင်းယက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက ထရိုင်းယက်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(NGB)**

စိရော်နယ်လ်ဒို လက်ရွေးစင်ကစားသမားဘဝမှ အနားယူ

လန်ဒန် နိုဝင်ဘာ ၈

တိုက်စစ်မှူး စိရော်နယ်လ်ဒိုသည် ပေါ်တူဂီလက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် အတူ ၂၀၀၃ မှ ၂၀၂၆ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၂၃၄ ပွဲကစားကာ ၁၃၈ ဂိုးထိ သွင်းယူပြီး အောင်မြင်မှု ဆုဖလားများစွာ ရယူနိုင်ခဲ့သည်။



အသက်(၄၁)နှစ်အရွယ်ရှိ စိရော်နယ်လ်ဒိုက "ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူပါပြီ။ ပေါ်တူဂီအသင်းက ကျွန်တော့်နှလုံးသားထဲမှာ တော့ အမြဲရှိနေမှာပါ။ ပေါ်တူဂီအသင်းအနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုတွေ ရယူနိုင်ပါစေလို့ တောင်းဆုပြုပါတယ်" ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

ကိုင်လီဟတ်လင်းကို ဟာဘရော့ချ်တောင်းအသင်း ခေါ်ယူ

လန်ဒန် နိုဝင်ဘာ ၈

အပျော်တမ်းကလပ် ဟာဘရော့ချ်တောင်းအသင်းသည် ပရော်ဖက်ရှင်နယ်ကစားသမားများထဲမှ အရပ်အရည်ဆုံးကစားသမားတစ်ဦးဖြစ်သည့် တိုက်စစ်မှူး ကိုင်လီဟတ်လင်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အရပ် ၆ ပေ ၉ လက်မရှိသည့် အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဟာဘရော့ချ်တောင်းအသင်းတွင် ကျေးနံပါတ်(၂၅)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။



တိုက်စစ်မှူး ကိုင်လီဟတ်လင်းသည် ကစားသမားဘဝတစ်လျှောက်တွင် ဆိုလီဟူးလ်မိုး၊ ဟက်ဒါဖီးလ်တောင်း၊ နယူးပေါ့ကောင်တီစသည့်ကလပ်အသင်းများ၌ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဟာဘရော့ချ်တောင်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကိုင်လီဟတ်လင်းအနေဖြင့် ဟာဘရော့ချ်တောင်းအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

ရာဖင်ညာ ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

ဘာစီလိုနာ နိုဝင်ဘာ ၈

ဘာစီလိုနာအသင်းသည် အသင်းတိုက်စစ်မှူး ရာဖင်ညာကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘာစီလိုနာအသင်းနှင့် အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၉၀ ကစားပြီး ၉၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ရာဖင်ညာက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ နောက်ထပ် ဆုဖလားများစွာလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝ ကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

(အောက်ဝဲပုံ) (NGB)



အင်္ဂလိပ် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	နောက်ဆုံးတွေ့ဆုံမှုရလဒ်
၁၀-၁၁-၂၀၂၆ နံနက် ၁း၀၀နာရီ	ပလိုင်းဟောက် - ဘာ့ဗ်ဟမ်းစတာတ်စ်	ပလိုင်းဟောက် ၂-၀ ဘာ့ဗ်ဟမ်းစတာတ်စ် ဘာ့ဗ်ဟမ်းစတာတ်စ် ၂-၂ ပလိုင်းဟောက်

မန်းရွှေဝိဓူရဇာတ်တော်ကြီး ကပြဖျော်ဖြေမည့်အစီအစဉ်အား အသိပေးကြေညာခြင်း

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အခို၊ အဂ၊ အရေး၊ အဘီးပြိုင်ပွဲ ဗဟိုအဆင့်တွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒါရိုက်တာ ကိုရွှေသက်(MCDC)၏ မန်းရွှေဝိဓူရအဖွဲ့ကြီးက ဝိဓူရဇာတ်တော်ကြီးဖြင့် အဖွဲ့လိုက် ဒုတိယ ဌေတံဆိပ်ဆုနှင့်တစ်ဦးချင်း ထူးချွန်ရွေတံဆိပ်(၅)ဆုအပါအဝင် ထူးချွန်ဆုများရရှိခဲ့ပါသည်။

အဆိုပါ ပြိုင်ပွဲတွင် ရရှိခဲ့သော ဆုများမှာ-

-ဇာတ်ညွှန်းအကောင်းဆုံးဆု - ပန်တျာဦးသန်းအောင်(မန်း)
-ဝိဓူရမင်းသားအကောင်းဆုံးဆု - ပိုင်ထက်ဝေ
-ပုဏ္ဏကအကောင်းဆုံးဆု - ပန်တျာဝေယံဦး
-နှစ်ပါးသွားအကောင်းဆုံးဆု - ပိုင်ထက်ဝေ၊ ယမင်းအောင်၊ ကေတုမတီဘိမ၊ ယွန်းသဲစဉ်။
-ဂီတမူးဇာတ်ပို့ဆိုင်းအကောင်းဆုံးဆု - ဂီတမဏ္ဍိုင်သား ဇိုလ်နိုင်တို့သည်ဆုတံဆိပ်များဖြင့် မန္တလေးတိုင်းဒေသကြီးအတွက် ဂုဏ်ယူဖွယ်အောင်မြင်မှုများ ရရှိခဲ့သည့် မန်းရွှေဝိဓူရအဖွဲ့ကြီး၏ ဝိဓူရဇာတ်တော်ကြီးကို မန္တလေးမြို့တော်သူ၊ မြို့တော်သားများ ကြည့်ရှုခံစားနိုင်ရန် ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး သီတဂူမောင်မောင် YouTube Channel မှလည်း တိုက်ရိုက်(Live)ထုတ်လွှင့် ပြသသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

နေ့ရက် - ၁၂-၁၁-၂၀၂၃(ကြာသပတေးနေ့)၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၃)ရက်
အချိန် - ညနေ(၆:၀၀)နာရီ
နေရာ - မန္တလေးမြို့၊ ကျောက်တော်ကြီးဘုရားအနီး၊ မြို့ရွှေမန်းသားဖိုးချစ်ဇာတ်ရုံ။



RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆေးတလုံးကျေးရွာအုပ်စု၊ ဆေးတလုံးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း RBF စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ရာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ် ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ဆေးတလုံးကျေးရွာ၌ ကျေးရွာ RBF စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ RBF စီမံကိန်းရန်ပုံငွေများဖြင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းများ ဆောင်ရွက်မှု ရှိ၊ မရှိ ကိုလည်းကောင်း၊ လအလိုက် စာရင်းဇယားများ ပုံမှန်ရေးသားဖြည့်သွင်းမှု ရှိ၊ မရှိ ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆေးတလုံးကျေးရွာ၌ RBF စီမံကိန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်ထွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဂန္ဓမာယန်စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့မှ စုစုပေါင်း အဖွဲ့ဝင်ဦးရေ ၂၀ ဦးအား ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ထုတ်ချေးပေးထားကြောင်းနှင့် ၄င်းချေးငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) မောင်နိုင်

ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ကဖြူကျေးရွာအုပ်စု၊ မင်းတဲကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မင်းတဲကုန်းကျေးရွာမှ လယ်ကွက်အမှတ် (၇၃၃)သို့ ဆက်သွယ်သော ကုန်ထုတ်လမ်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုများကို စစ်ဆေးခဲ့ကြသည်။ ထို့နောက် ကုန်ထုတ်လမ်းအရှည် ၄ ဒသမ ၀၉၁ ဖာလုံ၊ အကျယ် ၁၄ ပေ သုံးလက်မ၊ အမြင့်နှစ်ပေကိုးလက်မ မြေသားတင်ကျင်းခင်းခြင်းနှင့် ၄င်းလမ်းပေါ်တွင် အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေ Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၇၁ ဒသမ ၉၂ သန်း ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။



အဆိုပါကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၂၄၅ အိမ်၊ လူဦးရေ ၁၅၃၁ ဦးအား အကျိုးပြုမည်ဖြစ်ပြီး လယ်ယာဧက ၁၈၀ ၏ သီးနှံထွက်ကုန်များစေးကွက်သို့ လွှင့်မြှင့်စွာ သယ်ယူပို့ဆောင်နိုင်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လူ

ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် မကိုးစုကျေးရွာအုပ်စု၊ ဟျဉ်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့်တာဝန်ရှိသူများသည် ကော်မတီဝင်များနှင့်အတူ ပြည်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများကို စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

ဟျဉ်သာကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် လေးလက်မခွဲ၊ အနက် ပေ ၃၀၀ စက်ရေတွင်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဌာနမှ ဆောင်ရွက်ပေးခဲ့ပြီး ဆက်စပ်လုပ်ငန်းများဖြစ်သော 2HP ရေဖြွှဲပ်မန်တပ်ဆင်ခြင်း၊ အလျား ၎င်းပေ၊ အနံ ၎င်းပေ၊ အမြင့် ခုနှစ်ပေရှိသော ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့် ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေကျပ် ၅၈ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်နေ ပြည်သူများအတွက် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

နော်လူး

မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး

မန္တလေး နိုဝင်ဘာ ၈

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးထိုးနှံခြင်း အစီအစဉ်ကို ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ထိုးနှံပေးခဲ့သည်။ **(အောက်ပုံ)**



အဆိုပါကာကွယ်ဆေးထိုးနှံရာတွင် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား အသက်အရွယ်အလိုက် ပိုင်းခြားခြင်း၌ ဘီစီဂျီ၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်နှင့် ကျိုက်သိုးရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေးနှင့် ပြင်းထန်ဝမ်းပျက်၊ဝမ်းလွှေး(ရိုတာ)ကာကွယ်ဆေးတို့ကိုကျွေးထိုးနှံပေးပြီး ကလေးငယ်များအား ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို မြို့နယ်ကျန်းမာရေးဝန်ထမ်းများက အပတ်စဉ် ကြာသပတေးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၀၅၆)**

မန္တလေးမြို့တွင် Mandalay Fashion Week 2026 ကျင်းပ

မန္တလေး နိုဝင်ဘာ ၈

မန္တလေးမြို့ရှိ Mingalar Mandalay Hotel တွင် Mandalay Fashion Week 2026 ဖက်ရှင်ပွဲတော်ကို နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ ပွဲတော်တွင် ဖက်ရှင်ဒီဇိုင်နာများ၏ ဖန်တီးမှုလက်ရာများ၊ မော်ဒယ်လ်များ၏ ဝတ်စုံပြသမှုများ၊ အနုပညာရှင်များ၏ တေးဂီတနှင့် အကဖျော်ဖြေမှုများဖြင့် တင်ဆက်ခဲ့သည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက အရောင်းပြခန်းများကို စတင်ဖွင့်လှစ်ခဲ့ပြီး မွန်းလွဲပိုင်းတွင် MEOW! အဖွဲ့၏ ဖျော်ဖြေမှုဖွင့်ပွဲ ကျင်းပပြီးနောက် Project-K အဖွဲ့က ဖျော်ဖြေခဲ့သည်။ **(အောက်ပုံ)**



ထို့နောက် ဒီဇိုင်နာများဖြစ်သည့် Phwe နှင့် Thet တို့၏ Burmese မော်ဒယ်လ်ဝတ်စုံများကို ပြသမည်ဖြစ်ပြီး ညနေပိုင်းတွင် Pandora Girl Band က ဧည့်သည်တော်များ ဖျော်ဖြေပေးခဲ့သည်။

ဆက်လက်၍ Project-K အဖွဲ့နှင့် Pandora Girl Band တို့၏ ဖျော်ဖြေမှုနှင့်အတူ Designer Paing Paing ၏ ဖက်ရှင်ဝတ်စုံများကို ပြသခဲ့သည်။

Mandalay Fashion Week 2026 သည် မန္တလေးမြို့၏ ဖက်ရှင်နှင့် အနုပညာဖန်တီးမှု ကဏ္ဍများကို ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်သည့် ပွဲတော်တစ်ခုဖြစ်ပြီး ဖက်ရှင်စိတ်ဝင်စားသူများနှင့် အနုပညာ ဝါသနာရှင်များ လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ရွှေမန်း**



ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညီဖြစ်စဉ် အသိပညာပေး (Talk Show) ကျင်းပ

အမရပူရ နိုဝင်ဘာ ၈

မန္တလေး၊ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာန၌ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညီဖြစ်စဉ်အကြောင်း အသိပညာပေး Talk Show ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲလဲခိုင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိဟာဇော်တို့က 'အယ်လ်နီညီဆိုတာ ဘာလဲ၊ မြန်မာနိုင်ငံမှာ အယ်လ်နီညီကြောင့် ဘယ်လိုသက်ရောက်မှုတွေ ဖြစ်နိုင်ပါသလဲ၊ အယ်လ်နီညီနှင့် သဘာဝပတ်ဝန်းကျင်က ဘယ်လိုဆက်စပ်နေပါသလဲ၊ အယ်လ်နီညီနှင့် ရာသီဥတုပြောင်းလဲမှုက အတူတူပဲလား၊ အယ်လ်နီညီဖြစ်စဉ်မှာ တောမီးနှင့် မီးခိုး မြူငွေ့စည်းမျဉ်းမှုကို ဘယ်လိုကာကွယ်နိုင်ပါသလဲ၊ အပူခိုန်မြင့်တက်မှုနှင့် ရေဂျားပါးမှုကို ပြည်သူတွေ ဘယ်လို ရင်ဆိုင်သင့်ပါသလဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြည်သူတွေ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ နည်းလမ်းတွေက ဘာတွေလဲ' စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

လဲ့လဲ့ခိုင် (အမရပူရ)

--*-*-*

သွင်းကုန်လုပ်ငန်းရှင်များအတွက် နိုင်ငံခြားငွေ ကြိုတင်ပေးချေခြင်း (Advance Payment) စနစ်ကို ဗဟိုဘဏ်မှ ခွင့်ပြု

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ပမှကုန်ပစ္စည်းတင်သွင်းသည့် သွင်းကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သော နိုင်ငံခြားငွေကို အချိန်မီ ရရှိစေရန်နှင့် ငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် ရည်ရွယ်၍ ကုန်ပစ္စည်းဖိုးကြိုတင်ငွေပေးချေခြင်း (Advance Payment) ကို ခွင့်ပြုလိုက်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အသိပေးထုတ်ပြန်လိုက်သည်။

ထိုစနစ်အရ သွင်းကုန်လိုင်စင် ခွင့်ပြုချက်ရရှိပါက ပထမအရစ်အဖြစ် လိုင်စင်ပါတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း၊ သဘော်တင်စာရွက်စာတမ်း အထောက်အထား (B/L) တင်ပြချိန်တွင် ဒုတိယအရစ်အဖြစ် လိုင်စင်ပါတန်ဖိုး၏ ၄၀ ရာခိုင်နှုန်းနှင့် သွင်းကုန်ကြေညာလွှာ(ID) တင်ပြချိန်တွင် တတိယအရစ်အဖြစ် ကျန်ရှိသည့်လိုင်စင်ပါတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းတို့ကို နိုင်ငံတော်မှ လိုအပ်သော သွင်းကုန်ပစ္စည်းများအတွက် ဗဟိုဘဏ်မှ စိစစ်၍ နိုင်ငံခြားငွေ ရောင်းချပေးသွားမည်ဖြစ်သည်။



အဆိုပါ ကြိုတင်ငွေပေးချေခွင့်ပြုလိုက်ခြင်းကြောင့် ပြည်ပ Supplier များထံ ငွေပေးချေမှုနောက်ကျခြင်းကို လျှော့ချနိုင်မည်ဖြစ်ပြီး အရေးကြီးကုန်ပစ္စည်းများနှင့် ကုန်ကြမ်းများကို အချိန်မီမှာယူနိုင်ခြင်း၊ တစ်ကြိမ်တည်း ငွေချေရသည့် ဝန်ထုပ်ဝန်ပိုးလျော့နည်းသွားခြင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ယုံကြည်မှုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ) ရွှေမန်း**

ပြည်သူ့စစ်မှုထမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

မန္တလေး နိုဝင်ဘာ ၈

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက် လူစည်ကားရာနေရာများတွင် ပြည်သူ့စစ်မှုထမ်း အသိပညာပေးလက်ကမ်းစာစောင်များကို နိုဝင်ဘာ ၇ ရက်တွင် ဖြန့်ဝေခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မဟာအောင်မြေအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းခိုင်၊ ရပ်ကွက်စာရေးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ရပ်ကွက်နေပြည်သူများအား ပြည်သူ့စစ်မှုထမ်းနှင့် ပတ်သက်သည့်အကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်၍ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်-၈)

--*-*-*



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၈

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၇၀ (ဘီ)နှင့် ၃၄(ဘီ)လမ်းထောင့်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ကွင်းပြင်တွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အားကစားပြိုင်ပွဲတွင် ဝန်ထမ်းများက အားကစားနည်း ငါးမျိုးကို အုပ်စုများခွဲ၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သက်စုထွန်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်တို့က ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

စားကျက်မြေနေရာ ရှားပါးမှုကြောင့် တစ်နိုင်တစ်ပိုင် ဘဲမွေးမြူသူ နည်းပါးလာ

မန္တလေး နိုဝင်ဘာ ၈

ကျေးလက်ဒေသများတွင် ဘဲလွတ်ကျောင်းရန် စားကျက်မြေနေရာ ရှားပါးလာခြင်းနှင့် မွေးမြူရေးအစာ ဈေးနှုန်းမြင့်တက်လာခြင်းတို့ကြောင့် တစ်နိုင်တစ်ပိုင် ဘဲမွေးမြူသူ အရေအတွက် နည်းပါးလာသည်။

ဘဲအရှင်ဖမ်း ဈေးကွက်ကောင်းမွန်သော်လည်း စားကျက်မြေနေရာနှင့် အစာစရိတ် အခက်အခဲများကြောင့် မွေးမြူလိုသူများအနေဖြင့် လုပ်ငန်းစတင်ရန် အခက်အခဲရှိနေသည်။

ကျေးလက်ဒေသများတွင် မန်ဒါလီဘဲနှင့် ကတ်ဘဲများကို အများဆုံး မွေးမြူကြပြီး စီးပွားဖြစ် မွေးမြူရေးခြံများတွင် ကာကီကင်းဘဲအမျိုးအစားကို အဓိကထား မွေးမြူကြသည်။ ကာကီကင်းဘဲမျိုးများကို ထိုင်းနိုင်ငံမှ မျိုးဥဝယ်ယူကာ ပြည်တွင်း၌ သားဖောက်မွေးမြူပြီး ပြန်လည်ရောင်းချကြသည်။

လက်ရှိတွင် ကာကီကင်းဘဲကို အနည်းဆုံး အကောင်ရေ ၃၀၀ မှ ၅၀၀ အထိ မွေးမြူကြပြီး အချို့မွေးမြူရေးခြံများတွင် အကောင်ရေ ၁၀၀၀ မှ ၂၀၀၀ အထိ စီးပွားဖြစ် မွေးမြူလာကြသည်။ **(အောက်ပုံ)**

ဘဲအရှင်ဖမ်းဈေးကွက်တွင် လက်ရှိ တစ်ပိသာလျှင် ငွေကျပ် ၂၃၀၀၀ မှ ၂၄၀၀၀ အတွင်း ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)



ဒွန်ဦးတီထွင် ဦးသံဗျင်



(၁၉၀၄၊ ၁၉၉၇)

ယနေ့ကမ္ဘာကြီးတွင် စွန့်ဦးတီထွင်သူတို့ကြောင့် ၄င်းတို့ကို ကျွန်တော်တို့က တစ်ဖန် ကျေးဇူးတင်နေကြရသည်။ စာရေးဖို့ စက္ကူ၊ စကားပြောနေကြရသည့် လက်ကိုင်ဖုန်း၊ အမှောင်ထဲ သွားလာ၍ရအောင် အလင်းကို ရှာဖွေပေးသူစသည်ဖြင့် ထိုပုဂ္ဂိုလ်တို့အား ကျွန်တော်တို့ မေ့ထား၍ မရပါ။ စက္ကူကို စိုင်းလွန်(ခေါ်) အီနုခ်ချီ၊ လက်ကိုင်ဖုန်းကို အလက်ဇန္ဒား ဂရေဟမ်ဘဲလ်၊ လျှပ်စစ်ကို သောမတ်အက်ဒီဆင်တို့က စတင်ခဲ့ကြသည်ဟု မှတ်သားကြရသည်။ သူတို့တီထွင်ခဲ့မှုကြောင့် ယနေ့လူတို့ကတစ်ဆင့် တီထွင်ကြဆဲပြီး နောက်ဆက်တွဲအကျိုးတရားများ ဖြစ်တည်လာကြသည်။

ထိုပုဂ္ဂိုလ်ကြီးများသည် ရေခြားမြေခြား တိုင်းတစ်ပါးသားများဖြစ်ခဲ့ကြသော်လည်း မြန်မာနိုင်ငံမှ မြန်မာနိုင်ငံသား တစ်ဦးဖြစ်သည့် ဆရာကြီးဦးသံဗျင်လို ပုဂ္ဂိုလ်ကိုလည်း သိထားကြရမည်။ ဆရာကြီးဦးသံဗျင်သည် မြန်မာကသာမက ကမ္ဘာကပါ လေးစားခံရသော ပုဂ္ဂိုလ်ဖြစ်သည်။ ဆရာကြီးသည် မြန်မာနိုင်ငံလုံးဆိုင်ရာ စာမတတ်သူပပျောက်ရေးအတွက် အလင်းပြပေးသူကြယ်တစ်စင်းဟု ပြောရမည်။

ဆရာကြီးသည် (အ.အ.အ) အရေးအဖတ်အတွက် သုံးမျိုးလုံး လွယ်ကူစွာ ရေးဖတ်နိုင်စေရန် လမ်းပြ၍ သင်ရိုးကို ထုတ်ပေးခဲ့သူဖြစ်ခြင်းကြောင့် ဖြစ်သည်။

ကျွန်တော်တို့သည် ကလေးဘဝ မိခင်ဘာသာစကားကို လွယ်ကူစွာ ပြောဆိုနိုင်ရန် အနီးစပ်ဆုံးဖြစ်သည့် မိခင်(သို့မဟုတ်) မိသားစုထံမှ ဦးစွာ နာယူသင်ကြားကြရသည်။ ဤတွင် နားဖြင့် သင်ယူပြီး အပြောစွမ်းရည်ကို လက်တွေ့ လေ့ကျင့်ပြောဆိုကြရပြီး အရွယ်ရောက်မှ သက်ဆိုင်ရာ ဆရာ၊ ဆရာမထံမှ ဗျည်း ၃၃ လုံး မှတ်သားသင်ယူပြီး သင်ပုန်းကြီးမှတစ်ဆင့် စကားလုံး အဓိပ္ပာယ်နှင့်တွဲလျက် အတွဲများ သင်ယူကြရသည်။ ပြီးမှ ဝါကျတို၊ ဝါကျရှည်ကို ရေး၊ ဖတ် ပြောရသည့်အလုပ်က လွယ်လွယ်ဖြင့် မရနိုင်ပါ။

သုံးနှစ်၊ လေးနှစ် သင်ပြီးမှ အရေးအဖတ်နှင့် အတွက်ကို အခြေခံသဘောသိပြီး တစ်ဆင့်တက်ကြရသည်။

ယနေ့ ဆရာကြီးဦးသံဗျင်က အရေးအဖတ်၊ အတွက် အခြေခံ မြန်မာစာအသုံးအနှုန်းကို အချိန် ၅၂ နာရီ သင်ရုံမျှဖြင့် လွယ်ကူစွာ လက်ခံသင်ယူနိုင်ခြင်းကြောင့် ဖြစ်သည်။ သို့ပါ၍ သင်ရိုးနှင့် လမ်းညွှန်ချက်တို့ကို မဖော်ပြတော့ဘဲ ဆရာကြီး၏ ပညာရေးဖြတ်သန်းမှုနှင့် စွမ်းဆောင်ရည်အချို့ကိုသာ တင်ပြပေးမည်။

ဆရာကြီးက စလေသားဖြစ်ပြီး ၁၉၀၄ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် မန္တလေး ဥပစာကောလိပ်မှ ဥပစာတန်းကို အောင်မြင်ခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအက်စ်စီဘွဲ့ ရရှိသည်။ ၁၉၃၁-၃၂ ခုနှစ်တွင် ချောက်မြို့၌ မြန်မာ-အင်္ဂလိပ် အလယ်တန်းကျောင်းတည်ထောင်ပြီး ကျောင်းဆရာ စတင်လုပ်ခဲ့သည်။ ၁၉၃၅-၃၆ ခုနှစ်တွင် ညောင်လေးပင်မြို့ အမျိုးသားအစိုးရ အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ၊ ၁၉၃၈-၃၉ ခုနှစ်တွင် မော်လမြိုင်အစိုးရဆရာအဖြစ်သင်(နော်မဲကျောင်း)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် စီးပွားရေးကိုပစ်ပြီး ကျောင်းဆရာလုပ်ခဲ့ပြန်သည်။ ထိုစဉ်က အထက်တန်းပြဆရာ လစာမှာ ၇၅ ကျပ်၊ ကျောင်းအုပ် လစာမှာ ၁၅၀ ကျပ်၊ ယင်းသည် ပွဲစားဘဝ၏ တစ်နေ့ဝင်ငွေဟူ၏။

ဆရာကြီး၏ ကျောင်းဆရာစိတ်နှင့် မျိုးချစ်စိတ်သည်လည်း ခွဲခြားမရပုံမှာ ပြည်သူ့ရဲဘော်ဘဝ တောခိုခဲ့စဉ်က ၄င်းနယ်ပယ်တွင် ပညာရေးတာဝန်ယူခဲ့သည်။

အလင်းဝင်ပြီးချိန်လည်း ဗဟန်းဆရာခိုကျောင်းနှင့် ဦးစိန်ရွှေကျော်တို့တွင် အချိန်ပိုင်းဆရာအဖြစ် တာဝန်ထမ်းခဲ့ပြန်သည်။ ၄င်းအား ဘာသာပြန်ဆရာကြီးအဖြစ် နိုင်ငံတစ်နိုင်ငံ၏ သံရုံးတွင် အရာရှိရာထူးပေး၏။ ၄င်းက လက်မခံခဲ့ချေ။

ထို့နောက် ဆရာကြီးသည် စမ်းချောင်းမြို့နယ် အောင်သပြေလမ်း၌ တက္ကသိုလ်ဝင်တန်း သင်တန်းကျောင်းဖွင့်ပြန်ရာ အောင်မြင်ခဲ့၏။ ထိုစဉ် တော်လှန်ရေးကောင်စီလက်ထက်တွင် အစိုးရက ပညာရေးဌာနတွင် အထူးပညာရေးအရာရှိအဖြစ် ခန့်ခဲ့ရာ တက္ကသိုလ်ဝင်တန်းကျောင်းကို မိတ်ဆွေများဖြင့် လွှဲအပ်ခဲ့သည်။

ဆရာကြီးသည် ဤကဲ့သို့ တာဝန်ယူစဉ် ကံဘဲ့ဆရာ အတတ်သင်သိပ္ပံ၌ တာဝန်ယူခဲ့၏။ ၁၉၆၄ ခုနှစ် နွေရာသီ၌ စာမတတ်သူ ပပျောက်ရေး အသုံးလုံးကျေ မျက်ဖွင့်သင်တန်းကို ဆရာအတတ်သင်သိပ္ပံမှ သင်တန်းသား လေးဦးအား လုပ်အားပေးကြရန် ဖွေဆော်ဦးစည်းရုံးဆောင်ရွက်ခဲ့သည်။

အဆိုပါ သင်တန်းသားလောင်းလျာ လေးဦးတို့၏ သုံးလတာ အတွေ့အကြုံအား အရပ္ပဖြီးဆောင်ရွက်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးဆောင်ရွက်မှုသည် စေတနာလုပ်အား၊ လူထုလှုပ်ရှားမှု အသွင်ဖြင့် အစိုးရဘက်ဂျက်မပါဘဲ အရှိန်အဟုန်ဖြင့် အောင်မြင်ခဲ့ပေသည်။

တစ်ဖန် ဦးမြင့်ဟန်(ပညာရေးသုတေသန)ကလည်း မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းမှုကို ဂန္ဓဝင်မြောက်မှတ်တမ်းတင်ခဲ့သည့် ပုဂ္ဂိုလ်ကား ဦးသံဗျင်ဟုလည်းကောင်း၊ ၄င်းက အသုံးလုံးကျေ လှုပ်ရှားမှုကြီးကို စတင်မွေးဖွားပေးခဲ့သူ ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ၄င်းကို ထိုအချိန်က ကျွန်တော်တို့အဖွဲ့သည် မြန်မာ 'မကာရစ်' ဟု ချစ်စနိုးခေါ်ခဲ့ကြသည်။ မကာရစ်က ရုရှားလူမျိုးဖြစ်သည်။ ဆရာကြီးကိုယ်တိုင် 'မကာရစ်' ၏ သဘောတရား အတွေးအခေါ်ကို နှစ်သက်ပြီး လက်တွေ့ဆန်သည်။ ထို့အတွက်ကြောင့် ဦးသံဗျင်ကို 'ဘဝလမ်းညွှန်ဆရာကြီး၊ ပညာရေး အတွေးအခေါ်ရှင်ကြီး' ဖြစ်သည်ဟု ခေါ်ဝေါ်သမုတ်ကြသည် . . .

မှတ်တမ်းများအရ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ၁၉၆၆ ခုနှစ် စက်တင်ဘာ ၈ ရက်နေ့ဟု စတင်သတ်မှတ်ခဲ့ပြီး နှစ်စဉ် စက်တင်ဘာ ၈ ရက်ကို စာတတ်မြောက်ရေးနေ့ဟု မှတ်သားခဲ့သည်။

မြန်မာနိုင်ငံသည် စွမ်းစွမ်းတမံ ဆောင်ရွက်မှုကြောင့် ၁၉၇၁ ခုနှစ်တွင် မိုဟာမတ်ဂီဇာပါလာဇီဆုနှင့် ၁၉၈၃ ခုနှစ်တွင် နိုမာဆုတို့ကို လက်ခံရရှိခဲ့သည်။ ထို့ကြောင့် ပညာရေးဝန်ကြီး ဗိုလ်မှူးကြီး စည်သူလှဟန်ကလည်း စာမတတ်သူပပျောက်ရေးလုပ်ငန်းကြီး အတွက် မှတ်တမ်းတင်ရမည့် ပုဂ္ဂိုလ်မှာ ဦးသံဗျင်သာဖြစ်ကြောင်း အချိန်တိုတိုနှင့် မြန်မာစာ အရေး၊ အဖတ်သင်ကြားနိုင်ခြင်းကြောင့် ဟုဆိုကာ အခြေခံပညာဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် ဦးအောင်ကြည်တို့အား ပြောကြားခဲ့၏။

တစ်ဖန် ဦးမြင့်ဟန်(ပညာရေးသုတေသန)ကလည်း မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းမှုကို ဂန္ဓဝင်မြောက်မှတ်တမ်းတင်ခဲ့သည့် ပုဂ္ဂိုလ်ကား ဦးသံဗျင်ဟုလည်းကောင်း၊ ၄င်းက အသုံးလုံးကျေ လှုပ်ရှားမှုကြီးကို စတင်မွေးဖွားပေးခဲ့သူ ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ၄င်းကို ထိုအချိန်က ကျွန်တော်တို့အဖွဲ့သည် မြန်မာ 'မကာရစ်' ဟု ချစ်စနိုးခေါ်ခဲ့ကြသည်။ မကာရစ်က ရုရှားလူမျိုးဖြစ်သည်။ ဆရာကြီးကိုယ်တိုင် 'မကာရစ်' ၏ သဘောတရား အတွေးအခေါ်ကို နှစ်သက်ပြီး လက်တွေ့ဆန်သည်။ ထို့အတွက်ကြောင့် ဦးသံဗျင်ကို 'ဘဝလမ်းညွှန်ဆရာကြီး၊ ပညာရေး အတွေးအခေါ်ရှင်ကြီး' ဖြစ်သည်ဟု ခေါ်ဝေါ်သမုတ်ကြသည်။

ယခုဆောင်းပါးပါ ဆရာကြီးအကြောင်းတော့ ကြားသိနေခဲ့ပြီးဖြစ်သည်။ ထို့အပြင် တစ်ချိန်က ပညာရေးဌာန၏ အတွင်းဝန်၊ ထို့နောက် ဒုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးနှင့် သံအမတ်ရာထူးဖြင့် အငြိမ်းစားယူခဲ့သူ ဒေါက်တာညီညီကလည်း 'ကျွန်တော်ပညာရေးနှင့်ဆက်စပ်၍ လူပေါင်းစုံနှင့် အလုပ်လုပ်ခဲ့ဖူး၊ တွေ့ဆုံခဲ့ဖူးသော ပုဂ္ဂိုလ်များ ရာနှင့်ထောင်နှင့်ရှိရာတွင် ဆရာကြီးဦးသံဗျင်သည် ကျွန်တော်သံယောဇဉ်တွယ်မိသော ပုဂ္ဂိုလ်သာဖြစ်သည်' ဟုဆို၏။

ဆရာကြီးဦးသံဗျင်သည် ပညာရေးစာပေ အမျိုးမျိုးရေးသားရုံမက ၁၉၆၅ ခုနှစ် မှ ၁၉၈၀ ပြည့်နှစ်အထိ ပညာတန်ဆောင်မဂ္ဂဇင်းကြီးတွင် အကြောင်းအရာ ၅၂ မျိုး၊ ပညာရေးလောက စာစောင်တွင် အကြောင်းအရာ ၂၄ မျိုး ရေးသားခဲ့သည်။ (ကျွန်တော်မသိသော စာအုပ်များ ရှိနိုင်သေးသည်။)

ထိုစာပေတို့တွင် ဆရာကြီးဦးသံဗျင်၏ ဖြူစင်သော မနော၊ စေတနာ၊ နိုင်မာသော ယုံကြည်ချက် ရဲရဲ့စွာ လက်တွေ့ကျပုံတို့ ရောင်ပြန်ဟပ်နေကြောင်း ပေါ်လွင်စေပါသည်။

ထို့အပြင် ဆရာကြီးသည် တိုင်းပြည်ကိုချစ်၏။ လူမျိုးကိုချစ် ၏။ ကျေးလက်ပြည်သူတွေကို အသိဉာဏ်ဖြင့်မားစေချင်၏။ စာတွေ့တတ်၍ စာဖတ်စေချင်၏။ သို့ပါ၍ မြန်မာနိုင်ငံ၏စာပေသမိုင်းတွင် မြန်မာစာအရေးအသားနှင့်ပတ်သက်ပြီး ဆရာကြီးဦးဖေမောင်တင်ကို လေးစားရသကဲ့သို့ပင် နွေရာသီအသုံးလုံးကျေ စာမတတ်သူပပျောက်ရေးအတွက် လှုပ်ရှားပါဝင်မှုတွင် မှတ်တမ်းတင်နိုင်သည့် ပုဂ္ဂိုလ် ဖြစ်ခြင်းကြောင့် လေးစားစွာဂုဏ်ပြုရင်း ရေးသားလိုက်ရပါသည်။

ကိုးကား – ပညာတန်ဆောင် ၂၀၁၂၊ စက်တင်ဘာလ
ဆရာရဲ့ထွတ်နီ၊ တွဲ (၆၁) စဉ်(၉)

အိုးဝေ(မြေနီကျင်း)

ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း အသိပညာပေးဆွေးနွေး

မတ္တရာ နိုင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၌ အသက်(၉)လမှ (၅၉)လ အရွယ် ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အသိပညာပေးဆွေးနွေးခြင်းကို နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာညီညီက ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်းများကို Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ကျောက်တံတား ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဒေါ်လှလေးနွယ်က ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ **(အမေါ်ပုံ)**



မတ္တရာမြို့နယ်၌ အသက် (၉)လမှ (၅၉)လအရွယ် ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံခြင်းလုပ်ငန်းကို နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ သတ်မှတ်စုရုပ်များတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေရာသား**



ရေးဦးပြုစုခြင်း သင်တန်းဖွင့်လှစ်ပို့ချ

မန္တလေး နိုဝင်ဘာ ၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော Trauma First Aid (Provider)Training သင်တန်းကို နိုဝင်ဘာ ၃ ရက်မှ ၆ ရက်အထိ မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ Easterm Palace Hotel တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လားရှိး၊ နောင်ချို၊ တန့်ယန်း ကျောက်မဲနှင့် မိုင်းငေါ်မြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အား ရှင် ၁၈ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်တစ်ဦး စုစုပေါင်း ၁၉ ဦး တက်ရောက်ကြပြီး ကြက်ခြေနီနည်းပြများက Trauma First Aid(Provider) သင်တန်းကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(အမေါ်ပုံ)(၀၄၅)**

လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

မူဆယ် နိုဝင်ဘာ ၈

မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဌာနဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့သော မူဆယ်မြို့၊ တောင်ရပ်ကွက်၊ မောက်ကွဏ်လမ်း(စျေးမီးပွိုင့်မှဒီဘဲလ်လမ်းဆုံအထိ) ကွန်ကရစ်ခင်းခြင်း၊ အတိုင်းအတာ(၆၅၀'×၂၀'×၆")နှင့် ရပ်ကွက်မှ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော မောက်ကွဏ်လမ်း(ဝီဘဲလ်လမ်းဆုံမှ ကမ္ဘောဇာဏ်ကုန်းဆင်း(၃)လမ်းဆုံအထိ) ကွန်ကရစ်ခင်းခြင်း အတိုင်းအတာ(၄၃၀'×၂၀'×၆")၊ စုစုပေါင်းအတိုင်းအတာ(၁၀၈၀'×၂၀'×၆")ရှိသော ကွန်ကရစ်လမ်းသစ်အား ဌာနနှင့်ရပ်ကွက်မှ ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့ပြီး အဆိုပါလမ်းသစ်အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး၊ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင် အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယဥက္ကဋ္ဌကြားရေးမှူး) နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ ယနေ့ မွန်းလွဲ ၃နာရီခွဲတွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(ကဆ)**



စာဖတ်ဝိုင်း၊ ပြိုင်ပွဲများနှင့် ပြပွဲများ ကျင်းပ

မန္တလေး နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင် လူထုအခြေပြဗဟိုဌာန၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက စာဖတ်ဝိုင်း၊ ပြိုင်ပွဲများနှင့် ပြပွဲများ ကျင်းပခဲ့သည်။

ထို့သို့ ကျင်းပရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာဖတ်ခြင်းဖြင့် အချင်းချင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးဖလှယ်တတ်စေရန်၊ အတွေးအခေါ်ကောင်းများ တိုးပွားလာစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၅)အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စာရေးဆရာချစ်နိုင် ရေးသားထားသော လူငယ်ရဲ့ ဘဝနှင့် တန်ဖိုး စာအုပ်မှ 'အချိန်'ကို ဘယ်လိုအသုံးချမလဲ'အကြောင်း အရာများကို ဖတ်ကြားဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၅)အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စာပေ၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယခင်အပတ်က စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်မှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ပြီး အယ်လ်နီညို အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)





ဖတ်စရာ၊ မှတ်စရာ
စုံလင်
ကြေးမုံ

အသိတိုးပို့ စာဖတ်စို့

* စာအုပ်စာပေ လူ့မိတ်ဆွေမို့
စာပေတန်ဖိုး ချစ်မြတ်နိုးက
အမျိုးလည်းတင့် ဂုဏ်ထည်ဝင့်သည်
တွေးချင့်စဉ်းစား သိဉာဏ်မွားဏ်။
* ဖွေရှာဖတ်ရှု လေ့ကျင့်မှဖြင့်
စု, တု, ပြုကာ ပြည့်ဝလာသော်
လူ့ရွာလောက ဖြတ်သန်းကြရာ
နွိုင်းဆ ဆင်ခြင် အသိဝင်၍
အစဉ်ကောင်းမှု ကြိုးစားပြုမည်
ဖတ်ရှုစာပေ အို···မိတ်ဆွေ ။
* ကြားမြင် သုတ ရသစာပေ
ဖတ်လေ့ရှုပွား ကြွမ်ဖန်များက
စာမှလေ့လာ ထိုပညာကြောင့်
ဖတ်ကာပိုင်းခြား မှန်၊ အများကို
ကွဲပြားသိမြင် အောင်ပွဲဝင်မည်
ဉာဏ်ရည်တိုးဖို့ စာဖတ်စို့ ။ ။

စောရွှေမြင့်(ချုပ်သင်း)

စာအုပ်၊ စာပေလူ့မိတ်ဆွေ။
အလိမ္မာ၊ စာမှာရှိ။



(၁၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

မန္တလေး၊ နိုဝင်ဘာ ၈

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်၊ လက်ရွေးကြီးတောင်ပိုင်း၊ လမ်း၉၀၊ ၃၁လမ်းထောင့်ရှိ ဆုတောင်းပြည့်အေးဘယစေတီမြတ်စွာဘုရား လူငယ်မောင်မယ်များ ဘုံဆွမ်းလောင်းအသင်း၏ ဝါတွင်းကာလ တစ်နှစ်လျှင် လေးကြိမ်နှုန်းဖြင့် (၁၆)ကြိမ်မြောက် ဘုံဆွမ်းလောင်း လှူပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၅ နာရီက ဆုတောင်းပြည့်အေးဘယစေတီတော် ဓမ္မာရုံတွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူပွဲတွင် အနောက်ပြင်ကျောင်းတိုက်များမှ စာသင်၊စာချဆရာတော် အပါး ၂၅၀ ကျော်တို့အား ဘုံဆွမ်းလောင်း အသင်းနာယက ဦးသိန်းထွန်းဝင်း၊ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် အလှူရှင်များက ဆွမ်း၊ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ကုလားပဲနှပ်၊ ငါးခြောက်ကြော်၊ သရက်သီးသနပ်တို့ကို လောင်းလှူကြပြီး ဆရာတော်များအား အရက်ဆွမ်းကပ်လှူကြသည်။

ဆွမ်းလောင်းအသင်းသည် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသော စာသင်စာချဆရာတော်များအား ဆွမ်းအာဟာရဒါန အဆင်ပြေစေရေးအတွက် တစ်ပတ်လျှင် တစ်ကြိမ် ဆွမ်းလောင်း လှူခြင်း၊ အရက်ဆွမ်းကပ်လှူခြင်း ဆောင်ရွက်ခဲ့ပြီး ဆွမ်းလောင်း လှူအောင်ပွဲ ဓမ္မသဘင်များကို ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁ရက် ညနေ ၅ နာရီ တွင် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်္ကိုကာယ အကျိုးတော်ဆောင်ချုပ် ကျောက်မဲဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒနသာရကလည်းကောင်း တန်ဆောင်မုန်းလဆန်း ၂ ရက်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေကျင်နီကာယဥပဇ္ဈာယ္ကဥက္ကဋ္ဌ မဟာနာယကအဂ္ဂမဟာပဏ္ဍိတ၊ အဝေရာရာမရရဋ္ဌကင်းကျောင်း တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဒါတ သိရီဘိဝံသက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

o-o-o-o-o

(၁၉)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်အတွက် ပဒေသာပင်များ လှူဒါန်း

မန္တလေး၊ နိုဝင်ဘာ ၈

မန္တလေး၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဇေအဂ္ဂမဟာသဒ္ဓမ္မဇောတိကဦးဆောင်သည့် (၁၉)ကြိမ်မြောက် ကထိန်တော်အတွက် အလှူရှင် ဒေါက်တာဦးတင်ဇိုးနှင့် ဒေါက်တာဒေါ်သန့်ဇင် မိသားစုက နှစ်စဉ် အလှူတော်အဖြစ် ပဒေသာပင် ငါးပင် ဌေးကျပ်ခြောက်သိန်း ငါးသောင်းကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက လာရောက် လှူဒါန်းခဲ့သည်။

အလားတူ မန္တလေးမြို့နေ အလှူရှင် ဦးထွန်းအား ရည်စူး၍ ဒေါ်တင်အုန်းမြင့် မိသားစုက ပဒေသာပင် တစ်ပင်၊ မန္တလေး၊ မြို့သစ်ရပ်နေ အလှူရှင် ဦးမျိုးတင်+ဒေါ်လှလှ၊ သားသမီးမြေးမြစ်များက ပဒေသာပင် သုံးပင်၊ မန္တလေးမြို့နေ အလှူရှင်နှစ်ဖက် မိဘများအား ရည်စူး၍ ဒေါက်တာဝင်းဦး + ဒေါ်သင်းသင်းကြည်၊ (သမီး)မသက်ဝတီဦး မိသားစုက ပဒေသာပင် နှစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးအောင်ကျော်(ခ) ဦးကျော်ကျော် မိသားစုက ပဒေသာပင် တစ်ပင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နေ အလှူရှင် ဦးကံကြီး+ဒေါ်သင့်၊ (သမီး)ဒေါ်လှထိုး မိသားစုက ပဒေသာပင် တစ်ပင်၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဦးအောင်မြင့်အား ရည်စူး၍ ဇနီး မစု၊ (ညီမ)မအေးအေးမာက ပဒေသာပင် တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်ယုယုစိန် မိသားစုက ပဒေသာပင် တစ်ပင်တို့ကို လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(ကဆ)





မွေးနေ့အထိမ်းအမှတ် အလှူငွေ လှူဒါန်း

မန္တလေး၊ နိုဝင်ဘာ ၈

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ တဖဝတီရပ်နေ ဦးဂျလိုင်ကျော်မွေးနေ့ အထိမ်းအမှတ်အဖြစ် ယမန်နေ့ နံနက်ပိုင်းက တစ်နေ့တာဆွမ်းငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမြတ်ကျော်၊ ဆွမ်းကွမ်း အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်၊ ဦးယုတင်နှင့် ဦးအောင်ထိုက်ဦးတို့က လက်ခံရယူကြသည်။

(အပေါ်ပုံ)

အလှူရှင်များ မည်သူမဆို မိမိစေတနာအလျောက် လှူဒါန်းလိုပါက ဖုန်း ၀၉- ၄၀၂၆၃၃၂၄ သို့ တိုက်ရိုက် ဆုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကဆ)

o-o-o-o-o

ဇီဝိတဒါန ငါးလွှတ်ခြင်းနှင့် စုပေါင်းသွေးလှူဒါန်း

မင်းဘူး၊ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ (၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန ငါးလွှတ်ခြင်းနှင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်းကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက မင်းဘူးမြို့၊ အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းရှိ ဧရာဝတီမြစ်ဆိပ်ကမ်းနှင့် ပြည်သူ့ဆေးရုံကြီးတွင် ကုသိုလ်ပြု ဆောင်ရွက်ခဲ့သည်။

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုတို့ ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်ရုံးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မင်းဘူးမြို့ အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းရှိ ဧရာဝတီမြစ်ဆိပ်ကမ်းတွင် ဇီဝိတဒါနအဖြစ် ငါးခုံးမအကောင်ရေ ၁၀၀၀၀ ကို မြစ်အတွင်း လွှတ်၍ ကုသိုလ်ပြုဆောင်ရွက်ခဲ့သည်။

မင်းဘူးခရိုင်နှင့် မြို့နယ်ရုံးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်၍ သွေးအမျိုးအစား စုံလင်စွာဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ သွေးလှူဒါန်းခြင်းများ ဆောင်ရွက်နေမှုကို မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး သွေးလှူဒါန်းခဲ့သည့် ဝန်ထမ်းများအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၅၀၀)



အစားအသောက်အကြွင်းအကျန်မရှိစေရေး စားသောက်မှုပုံစံကို ဂရုစိုက်ပေး ။

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

စစ်ကိုင်း၊ နိုဝင်ဘာ ၈

(၃၈)နှစ်မြောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စစ်ကိုင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။



ရွှေဦးစွာ ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများက သွေးလှူဒါန်းကြမည့် ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်၊ ကိုယ်အလေးချိန်တိုင်းခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်း ၁၅ ဦးက သွေးလှူဒါန်းခဲ့ကြသည်။ အဆိုပါ သွေးလှူဒါန်းနေမှုအား စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်း၊ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ယုနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး ကြက်ဥနှင့်အာဟာရဖြည့်စွက်စာများ၊ ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီမြစ်အတွင်းသို့ စုပေါင်းငါးလွှတ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

(ဒဲပုံ)

နေလင်းအောင်(ပြန်/ဆက်)

အယ်လ်နီညိုရောဂါဦးတုန့်ပြန်ရေးဆိုင်ရာ အသိပညာပေးဟောပြော

အမရပူရ နိုင်ဘာ ၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးအမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုရောဂါဦးတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ဝဲကြီးဆင်ရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမရပူရမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ပမအေးက အယ်လ်နီညိုရောဂါဦးတုကြောင့် မိုးရွာသွန်းမှုများမှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြေတ်လပ်မှုမရှိစေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ်ကြိုတင်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရန် အချက်များနှင့် ရောင်ကြဉ်ရန်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား အယ်လ်နီညိုရောဂါဦးတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

အောင်ရဲကျော်(ကျေးလက်)

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆) ကျင်းပ

ဟားခါး နိုဝင်ဘာ ၈

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဟားခါးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားစေရန် ယခုနှစ်အတွင်း မြို့နယ်ပညာရေးမှူးရုံးမှ စာစစ်ဌာနများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မေးခွန်းလွှာများ သိမ်းဆည်းခြင်း၊ အဖြေလွှာများ သိမ်းဆည်းမှု အခြေအနေ၊ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စာရင်း၊ ပြင်ပဖြေစာရင်းများ ပါရှိစေရေး အစီရင်ခံစာ ရေးဆွဲတင်ပြရန်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးရန် လိုအပ်ချက်များရှိပါက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီသို့ အချိန်မီတင်ပြကြရန်၊ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် သင်ကြားပို့ချလျက်ရှိသည့် ဆရာ၊ ဆရာမများအား ဟားခါးတက္ကသိုလ်တွင် ဘာသာရပ်အလိုက် ဆရာ၊ ဆရာမများဖြင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ပညာရေး



မှူး ဒေါ်ငွန်အာရ်က တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် အသေးစိတ် ရေးဆွဲတင်ပြသွားမည်ဖြစ်ကြောင်း၊ ယခင်နှစ် မေးခွန်းလွှာသယ်ယူရေးနှင့် အဖြေလွှာသိမ်းဆည်းရေး ဆောင်ရွက်ခဲ့မှုများအား ဆွေးနွေးသည်။

ဆက်လက်၍ ဟားခါးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ကြီးများက ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးနှင့် ကျောင်းအလိုက် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)သို့ ဟားခါး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ဟာရ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဗန်ကမ်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ ချင်းကလက်စီ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် Shema ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

Kwo (ဟားခါး)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



မိတ္ထီလာ နိုဝင်ဘာ ၈

မိတ္ထီလာမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး ဦးစီး၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့အထွေထွေရောဂါကုဆေးရုံ သွေးလှူဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါသွေးလှူဒါန်းပွဲတွင် ခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်း ၁၈ ဦးက စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး သွေးလှူဒါန်းကြသည့် ဝန်ထမ်းများအား နွေးလယ်စာနှင့် ဖြည့်စွက်အစာအာဟာရများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၅၃)

အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ငွေ ပေးအပ်

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အသက်(၈၅)နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ငွေများပေးအပ်ရာ ယမန်နေ့ နံနက် ၉ နာရီမှစ၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ သက်ကြီးဘိုးဘွားများနှင့် ကိုယ်တိုင်လာရောက်မထုတ်ယူနိုင်သည့် ဘိုးဘွားများက ကိုယ်စားလှယ်များဖြင့် လာရောက်ထုတ်ယူလျက်ရှိသည်။

ထိုသို့ လူမှုရေးပင်စင်ငွေများ ထုတ်ပေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှ သက်ကြီးဘိုးဘွား ၃၈၇ ဦးအား ပေးအပ်ပြီး ကျန် ၇ နေသော ရပ်ကွက်၊ ကျေးရွာများရှိ သက်ကြီးဘိုးဘွားများအား သတ်မှတ် ရက်များအလိုက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



အသက်(၈၅)နှစ်အထက် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ဆေးကုသ

ကံမ နိုဝင်ဘာ ၈

အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွားများနှင့် ပင်စင်စားအငြိမ်းစား ဝန်ထမ်းများအား ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါများ စစ်ဆေးပေးခြင်းကို သရက်ခရိုင်၊ ကံမမြို့ပြည်သူ့ဆေးရုံ၌ နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက အခမဲ့စမ်းသပ်ကုသပေးခဲ့သည်။



ထိုသို့ စစ်ဆေးကုသရာတွင် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်းတို့ကိုဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသက်ဦးဟန် ဦးဆောင်၍ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေးဆရာများက အခမဲ့စစ်ဆေးကုသပေးခြင်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။ **(ဝဲပုံ)**

ကျော်စေယျာဝင်း(ကံမ)

တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ဟားခါး နိုဝင်ဘာ ၈

ပထမအကြိမ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဟားခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ချင်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးဒေါက်တာလမ်းဇပေါင်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များနှင့်အညီ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်လိုအပ်ချက်အရ မြေပြင်ကိန်းဂဏန်းများ တိကျမှန်ကန်မှုရရှိရန်၊ အခြေခံကိန်းဂဏန်းများ အနီးစပ်ဆုံးမှန်ကန်အောင် ရရှိရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာဖွဲ့ဖြိုးရေးကော်မတီများက ပိုင်းခန်းကူညီရန် ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ ဆင့်ပွားသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

KWO(ဟားခါး)

တတ်မြေသြဇာများ ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် နည်းပညာပေးသင်တန်းပို့ချ

ချောင်းဦး နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်တွင် ၂၀၂၆-၂၀၂၇ခုနှစ် သီးနှံစိုက်ပျိုးရာသီ၌ ဝါနှင့်ကျဉ်းနှံများ အထွက်နှုန်း တိုးတက်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြန့်ဖြူးပေးသော MPE ယူရီးယား နှင့် ကွန်ပေါင်းဓာတ်မြေဩ၊ မျိုးစေ့ချက်ရိယာတို့ကို အပြီးသတ် ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် နည်းပညာပေးသင်တန်း ပို့ချခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက ချောင်းဦး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး မြေအသုံးချရေး တာဝန်ခံ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်/ကြပ် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အကျိုးဆောင်တောင်သူများ စုစုပေါင်း ၂၁၅ ဦး တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂျုံသီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ စူပါအယ်လ်နီညို ရာသီဥတုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများကို ကြိုတင်တွက်ဆ၍ သက်တမ်းတို မျိုးများကို ရွေးချယ်စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများရှိပါက မြို့နယ်အဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင့်ဆွေက အယ်လ်နီညိုရာသီဥတု၏ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုက်နာဆောင်ရွက်သင့် သည့် အချက်များ၊ ရောင်ကြဉ်သင့်သည့် အချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး မြေအသုံးချရေး တာဝန်ခံ ဒေါ်ခင်ထွေဝင်းက ကော်ဖီစိုက်ပျိုးထားသည့်မြေတွင် မြေဆီလွှာ၏ အချဉ်၊ အင်္ကတော် (စ)တိုင်းတာခြင်းကိုလည်းကောင်း လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် MPE ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩနှင့် မျိုးစေ့ချက်ရိယာတို့ကို ရောင်းချပေးအပ်ရာ တောင်သူများက လက်ခံရယူခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြေဆီလွှာအာဟာရ ဖြည့်တင်းပေးခြင်းခေါင်းစဉ်ဖြင့် တောင်သူများအား စိုက်ပျိုးရေး နည်းပညာပေးသင်တန်းကို ဆက်လက်ပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



(၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မိုးညင်း နိုဝင်ဘာ ၈

ကချင်ပြည်နယ်၊ မိုးညင်းခရိုင်၊ မိုးညင်းမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီက နန့်ပုတ်ကျေးရွာရှိ စန့်ခေါဖိတ် (ခ)ရန်အောင်မြင့် စေတီတော် ဘုရား၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်၊ ဦးဆောင်၍ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောကာစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ခိုင်ကို၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုမှ စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၁၀၀ ဦးဖြင့် ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွေးနံ့သာများ ကပ်လူပူဇော်ခြင်း၊ ဘုရား ရင်ပြင်တော် အတွင်း၊ အပြင်ရှိ အမှိုက်များအား တံမြက်စည်း လှည်းခြင်းနှင့် မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)
ရွှေမိုးညင်း

အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ကျောက်ဆည် နိုဝင်ဘာ ၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက အေးမြချမ်းသာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က အယ်လ်နီညိုကျရောက်လာနိုင်သည့်အခြေအနေများ၊ အယ်လ်နီညိုကျရောက်ပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ၊ အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်ပါက ဌာနမှ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ အယ်လ်နီညို သက်ရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ ဖြစ်ပွားခြိန်တွင် လုပ်ကိုင်ဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငါးလုံကုန်း၊ အုတ်ဖို၊ ရွှေလေး၊ မြင်စိုင်း၊ မြို့သာကျေးရွာနှင့် ဒွေးလှကျေးရွာတို့မှ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အိုပိုးပိုး(ကျေးလက်)

--*-*-*

ကိုယ်ဝန်ဆောင်မိခင်များနှင့် ငယ်ကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

မြစ်သား နိုဝင်ဘာ ၈



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများက မြို့ပေါ် (၆)ရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက လစဉ်ပုံမှန် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးခြင်းကို မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနရုံးခန်းတွင် ဆောင်ရွက်ပေးခဲ့သည်။

ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးရာတွင် မြို့ပေါ် (၆)ရပ်ကွက်ရှိ မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရှိတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဂျီ) နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများ စနစ်တကျ ထိုးနှံတိုက်ကျွေးပေးခြင်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများက ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား လစဉ်သတ်မှတ်ရက်များတွင် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

(အပေါ်ပုံ)
ဝါဝါမြင့်(မြစ်သား)

စဉ့်ကိုင်မြို့နယ် အ.ထ.က(ဟင်းငူ)၌ ဓာတ်ရိုးနှိမ့်ပြင်ရေး လူငယ်စကားဝိုင်း ကျင်းပ

စဉ့်ကိုင် နိုဝင်ဘာ ၈

ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ ကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက် စေရန်နှင့် ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလှေအကျင့်ကောင်းများ ရရှိစေရန်၊ နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အ.ထ.က(ဟင်းငူ)တို့ ပူးပေါင်း၍ စာဖတ်ရှုနိုးမြှင့်တင်ရေး လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

လူငယ်စကားဝိုင်းတွင် အ.ထ.က(ဟင်းငူ) ကျောင်းအုပ် ဆရာကြီး ဦးဝင်းဖိုလ်က အဖွင့်အမှာစကားပြောကြားပြီးနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး အ.ထ.က(ဟင်းငူ)မှ Grade-9 ကျောင်းသူ မသန္တာမြင့်မိုရ်က "လူငယ်နှင့် စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 ကျောင်းသူ မစန်းပြည့်ဖြိုးက "လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 ကျောင်းသား မောင်ရဲရင့်အောင်က "လူငယ်နှင့်စာတတ် မြောက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသား မောင်ပိုင်ဟိန်းခန့်က "လူငယ်နှင့် ကျေးလက်ယဉ်ကျေးမှု" စသည့် ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့သည့်အကြောင်း အရာများအပေါ် သိရှိလိုသည်များကို မေးမြန်းခဲ့ရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် အလယ်တန်းပြဆရာမခေါင်မာဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ စကားဝိုင်းအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

စဉ့်ကူး နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့၌ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက အရာထမ်းဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက် ၇ နာရီက စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမတွင် ဆောင်ရွက်ခဲ့သည်။



ရှေးဦးစွာ အရာထမ်းဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ ဆရာတော်၊ သံဃာတော် ငါးပါး ကြွရောက်ခြီးမြှင့်ကာ စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များအား အရာထမ်းဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်၊ ကျေး အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်ပရိသတ် အပေါင်းတို့က စဉ့်ကူးမြို့နယ် မင်္ဂလာကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



ယင်နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသော ဧည့်ပရိတ်သတ်အပေါင်းတို့အား ဆီချက်ခေါက်ဆွဲ၊ အချိုပွဲတို့ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နံနက် ၉ နာရီတွင် စဉ့်ကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားယူခဲ့သော ပင်စင်စားဝန်ထမ်း ၂၈ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှင့် တဘက် တစ်ထည်နှုန်းစီနှင့် ငွေကျပ် ၁၄၀၀၀၀၀ ကို ထောက်ပံ့ ပေးအပ်ခဲ့သည်။

(အပေါ်ဝံပုံ)

ဌင်းနောက် အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းက ဝန်ထမ်းများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်း Video Clip ကို ပြသခဲ့ပြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ငွေကျပ် ၂၀၀၀၀၀၀ ကို မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

တင်စာလွင်(ပြန်/ဆက်)



အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

မိတ္ထီလာ နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက မုန်တောကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကိုကြို တင်စုဆောင်းထားရှိရန်၊ လေလွှင့်မှုမရှိအောင် စနစ်တကျ သုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ်ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများက ဒေသခံပြည်သူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

ကြီးတိုင်း-ညောင်ဇစ်လမ်းမှ အုတ်ရုစ်ကုန်း-သပြေစမ်းဆက်သွယ်သော မြေနိုခင်းခြင်းလုပ်ငန်းဆောင်ရွက်

သရက် နိုဝင်ဘာ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ကြီးတိုင်း-ညောင်ဇစ်လမ်းမှ အုတ်ရုစ်ကုန်း-သပြေစမ်းသို့ ဆက်သွယ်သော လမ်း မြေနိုခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်နှင့် တာဝန်ရှိသူများက ကြီးတိုင်း-ညောင်ဇစ်လမ်းမှ အုတ်ရုစ်ကုန်း-သပြေစမ်းသို့ ဆက်သွယ်သောလမ်း မြေနိုခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က ဆောင်ရွက်ပြီး လုပ်ငန်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားခဲ့သည်။

အဆိုပါ ကြီးတိုင်း-ညောင်ဇစ်လမ်းမှ အုတ်ရုစ်ကုန်း-သပြေစမ်းသို့ ဆက်သွယ်သောလမ်း အရှည်တစ်မိုင်အား မြေသားတာပေါင်ချဲ့အကျယ် ၁၈ပေ၊ ထု ရုစ်လက်မ မြေနိခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၄၄ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဧပြီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နော်လူး

အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

ကျွန်းလှ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက ရွှေကျွန်းမြေ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒေတ္တဥက္ကဋ္ဌ ရဲမှူး မိုးဇော်သူက ပိုက်ကျော်ခြင်းအားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ချီတက်အလေးပြုကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြို့နယ်အတွင်း ပြိုင်ပွဲဝင်အသင်း ၂၅ သင်း၊ အားကစားသမား ၁၂၅ ဦးဖြင့် နိုဝင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၀)

အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀၊ (၄၈)ကီလိုမီတာ ထက်ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀၊ ကီလိုမီတာ (၈၀)ထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြိုးကြပ်မှုကော်မတီ။

စာပတ်ရိုနှိမ့်တင်ရေးအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၈

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရိုနှိမ့်တင်ရေးအတွက် ယမန်နေ့ နံနက် ၉ နာရီခွဲက မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူငယ်လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးမှုဦးစီးဌာနတို့ ပူးပေါင်း၍ အဆိုပါကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အတွေးအခေါ်များ မြင့်မားလာစေရန်၊ စာပေဓါတ်အကျိုးကျေးဇူးများရရှိစေရန်၊ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် ဗဟုလါးတန်ဖိုးပြည့်စုံသည့် ကျောင်းသားကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး လူငယ်လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်တတ်သော ရောဂါဆိုးကျိုးအကြောင်းအရာများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ကြရန် အသိပညာပေးဟောပြောခဲ့သည်။

(အောက်ပုံ)



ထို့နောက် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။

ဌင်းနောက် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များအား ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ပြီး အူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၀၇၅)

ဗုဒ္ဓဝင်စာပေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်များပေးအပ်လှူဒါန်း

မန္တလေး နိုဝင်ဘာ ၈

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုမှ ကြီးမှူးကျင်းပသော (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း တိုင်းဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ပြဋ္ဌာန်းစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ရှမ်းပွဲရုပ်၊ မှန်ကျောင်း တိုက်တွင် ကျင်းပသည်။



အခမ်းအနားသို့ ဘုရားငါးဆူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒဓောဘာသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဗဟိုဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလာမွန် ဓောတိကဓဇ ဦးမြင့်အောင်သန်းနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင် ဦးမောင်မောင်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်သန်းသန်းအေး၊ ဦးအောင်နိုင်ညွှန့်၊ ဦးဇော်ဝင်းနှင့် မြို့မိမြို့ဖများ၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဥက္ကဋ္ဌ မင်္ဂလာမွန်ဓောတိကဓဇ ဦးမိုးဇော်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌများနှင့် မြို့နယ်အလုပ် အမှုဆောင်များ၊ YMBA မြို့နယ်အသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၅၀ ကျော်တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး တက်ရောက်လာကြသူများက နိုင်ငံတော်အလံအားအလေးပြု၍ ဆရာတော်က ဩဝါဒစကားမိန့်ကြား၍ YMBA အသင်းဗဟို ဥက္ကဋ္ဌနှင့်ဇနီးက သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုဥစ္စေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဗဟို ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က နှုတ်ခွန်းဆက်စကားပြောကြား၍ တိုင်းဒေသကြီးဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဗဟို ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက ပြဋ္ဌာန်းစာအုပ်များကို အသီးသီးလှူဒါန်းခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနဓိဇံရဲ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းခြင်းဖြင့် ရပ်သိမ်းလိုက်ကြောင်း သိရသည်။

(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၃)

(၃၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး နိုဝင်ဘာ ၈

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ဓိန္နဝိဿာ/အ.ထ.က (၉) ကျောင်းသားဟောင်းများ၏ (၃၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါ ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းမြင့် (အရီးတောင်း)က အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များက ယခင်အစည်းအဝေး မှတ်တမ်းနှင့် ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်း ဆွေးနွေးကြသည်။

အဆိုပါ (၃၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီတွင် အ.ထ.က(၉)တွင် ကျင်းပသွားမည်ဖြစ်ရာ ကျောင်းသားအားလုံး တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်းနှင့် အလှူငွေများလှူဒါန်းလိုပါက ဥက္ကဋ္ဌ ဖုန်း ၀၉-၂၀၂၅၉၉၃၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀



ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးကို နိုဝင်ဘာလ ဒုတိယပတ်မှစတင်၍ ထိုးနှံပေးသွားမည်

ပျော်ဘွယ် နိုဝင်ဘာ ၈

ပျော်ဘွယ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်အတွင်းရှိကလေးငယ်များ ကျန်းမာသန်စွမ်းသောသူများဖြစ်လာစေရန်အတွက် ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၉ ရက်မှစတင်၍ ကာကွယ်ဆေးထိုးစုရပ်များခွဲ၍ ထိုးနှံပေးသွားမည်ဖြစ်သည်။

ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံရာတွင် အသက် ကိုးလမှ ၅၉လအတွင်း ကလေးငယ်များကို မပျက်မကွက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ပထမအကြိမ်ထိုးနှံထားသူဖြစ်ပါကလည်း သတ်မှတ်ကာလကျော်လွန်ပါက ဒုတိယအကြိမ်ထပ်ဆောင်း ထိုးနှံပေးသွားမည်ဖြစ်သည်။



ပျော်ဘွယ်မြို့နယ်အတွင်း သတ်မှတ်အသက်အပိုင်းအခြား အလိုက် ကာကွယ်ဆေးထိုးနှံပေးရန် ကလေးငယ်စုစုပေါင်း ၁၆၀၀၀ ကျော်ရှိပြီး မိဘပြည်သူများအနေဖြင့် မိမိတို့၏ရင်သွေးငယ်များ ဝက်သက်နှင့်ဂျိုက်သိုးရောဂါများမှ ကာကွယ်နိုင်ရေး သတ်မှတ်စုရပ်များသို့ သွားရောက် ထိုးနှံပေးကြပါရန် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

(ဝဲပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

၀-၀-၀-၀-၀

ဆေးဝါးများဆိုင်ရာအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

ကန့်ဘလူ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာ၌ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ကျေးရွာခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လွင်မာအေးက လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာများနှင့် အမျိုးသမီးရေးရာအဖွဲ့ကဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

